

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
# ( ၂၀၂၅ ခုနှစ်၊ ဧပြီလ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ ဧပြီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| **ပြန်ကြားရေးဝန်ကြီးဌာန** | - | စာအုပ်အမှတ်စဉ် ( ၃၆/၂၀၂၅ ) |
| **ထုတ်ဝေသည့်ခုနှစ်** | - | ၂၀၂၅ ခုနှစ်၊ ဇွန်လ |
| **ထုတ်ဝေသည့်အကြိမ်** | - | ပထမအကြိမ် |
| **အုပ်ရေ** | - | ၁၀၀၀ အုပ် |
| **ပုံနှိပ်** | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၅ ခုနှစ်၊ ဧပြီလ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ မန္တလေးငလျင်ဘေးဒဏ်ကြောင့် မာရဝိဇယရပ်ပွားတော်မြတ်ကြီး ဆင်းတုတော်၊ ပလ္လင်တော်ကြီး တို့အား တိုင်းတာစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၇

၂။ ငလျင်ဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား ၁၀

၃။ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့် မိန့်ခွန်း ၁၄

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ ပြောကြားသည့် အမှာစကား ၁၉

၅။ စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား ၂၅

၆။ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း အတွင်းရှိ အားကစားရုံများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၇

၇။ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၉

၈။ မန္တလေးလျောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁၊ ရန်အောင်မြင်ဆည်နှင့် ရွှေ့လျားယာယီဆေးရုံတို့အား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၃၁
၉။ မန္တလေးလျောင် အောင်ပန်းမြို့ အခြေအနေနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၃၃
၁၀။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ လျောင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားသည့်အမှာစကား ၃၅
၁၁။ ညောင်ရွှေမြို့နယ် ကေလာကျေးရွာ၌ လျောင်ဘေးဒဏ်သင့် ပြည်သူများအား တွေ့ဆုံ အားပေးစဉ် ပြောကြားသည့် အမှာစကား ၃၉
၁၂။ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား ၄၂
၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၄၅
၁၄။ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့ရှိ ခရိုင်အဆင့်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၄၈
၁၅။ ပြင်ဦးလွင်မြို့နယ် ရေဖူလုံမှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၅၁
၁၆။ မန္တလေးလျောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီ ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၅၃
၁၇။ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား ၅၅
၁၈။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် ပြောကြားသည့်မိန့်ခွန်း ၅၇

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးလျှင်ဘေးဒဏ်ကြောင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဆင်းတုတော် ပလ္လင်တော်ကြီးတို့အား တိုင်းတာစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁ - ၄ - ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မာရဝိဇယ ဂေါပကအဖွဲ့ရုံး၌ ဂေါပကဥက္ကဋ္ဌ ဦးသန့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆင်းတုတော်ကြီးနှင့်ပလ္လင်တော်ကြီး၏ အတိုင်းအတာအချက်အလက်များနှင့် Datum Point များအား နေ့စဉ်၊ လစဉ်တိုင်းတာစစ်ဆေးလျက်ရှိမှု၊ မတ်လ ၂၇ ရက်အထိ တိုင်းတာထားရှိသည့် အချက်အလက်များနှင့် မတ်လ ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးချိန်တွင် တိုင်းတာရရှိသည့် အချက်အလက်များအား တိုက်ဆိုင်စစ်ဆေးချက်များအရ Datum Point များ ပြောင်းလဲသွားခြင်းမရှိကြောင်း၊ ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများကွဲအက်ခြင်းတို့ (လုံး၀) မရှိကြောင်းကို စစ်ဆေးတွေ့ရှိရမှု၊ ရင်ပြင်တော်ကြီး၊ ဂန္ဓကုဋီတိုက်တို့ရှိ ကျောက်ပြားများအပါအဝင် သာသနိကအဆောက်အအုံများရှိ မျက်နှာကြက်များ ငလျင်ဒဏ်ကြောင့် အနည်းငယ် ထိခိုက်ပျက်စီးခဲ့မှုနှင့်ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ အခြား သာသနိကအဆောက်အအုံများနှင့်

ပရိဝုဏ်တော်အတွင်းရှိပတ်လမ်းများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းငယ်ဖြစ်ပေါ်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီး စတင်တည်ထားစဉ်ကတည်းက ဖွဲ့စည်းထားရှိသည့် တည်ဆောက်ရေးအဖွဲ့နှင့် ငလျင်ပညာရှင်အဖွဲ့တို့ဖြင့် ငလျင်ဆိုင်ရာဖြစ်ပွားမှုအပေါ် ခေတ်မီနည်းပညာများဖြင့် စနစ်တကျ စစ်ဆေးနိုင်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ အနည်းငယ်သော ထိခိုက်ပျက်စီးမှုအခြေအနေများအား စနစ်တကျပြုပြင်နိုင်ရေး၊ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် ငလျင်အခြေအနေများအပေါ် ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု စသည်တို့ကို ရှင်းလင်းတင်ပြကြသည်။

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့် ယခုကဲ့သို့ ပြင်းထန်ငလျင်ဖြစ်ပေါ်ခဲ့သည့် အချိန်တွင် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများ ကွဲအက်ခြင်းတို့ (လုံး၀)မရှိခဲ့ခြင်းဖြစ်၊ တာဝန်ရှိသူများအနေဖြင့် အနည်းငယ်မျှသော ထိခိုက်ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ပြုပြင်ဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လို။**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့် ယခုကဲ့သို့ ပြင်းထန်ငလျင်ဖြစ်ပေါ်ခဲ့သည့်အချိန်တွင် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့် အပိုင်းများ ကွဲအက်ခြင်းတို့ (လုံး၀)မရှိခဲ့ခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အနည်းငယ်မျှသော ထိခိုက်ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ပြုပြင်ဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း ထိခိုက်ပျက်စီးမှု အနည်းငယ်အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကာ ဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယဂေါပက

အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့်ရုပ်ပွားတော်မြတ်ကြီးဖြစ်သဖြင့်ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများအပေါ်တွက်ချက်၍ စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ပွားတော်မြတ်ကြီးသည် ထုထည်ပမာဏကြီးမားပြီး ဉာဏ်တော်အရလည်း ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သကဲ့သို့ အဂ္ဂါဓိပတိ သာသနဲ့ဗိမာန်တော်ကြီးသည်လည်း အတွင်းအလယ်ဒေါက်တိုင် လုံးဝမပါရှိသည့် အတွင်းလိုဏ်သဏ္ဍာန်ဒီဇိုင်းရေးဆွဲ တည်ဆောက်ထားသော ထုထည်ပမာဏကြီးမားသည့် သာသနိကအဆောက်အအုံကြီးတစ်ခုဖြစ်ကြောင်း၊ ပြင်းထန်သည့်လျှင်သဘာဝဘေးဒဏ်သည် အင်ဂျင်နီယာပညာရှင်များနှင့် အင်ဂျင်နီယာ နည်းပညာများအတွက် ကြီးမားသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အလွန်ပြင်းထန်ပြီးရှားပါးသည့် မြေငလျင်သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရချိန်တွင် မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ (လုံးဝ)မရှိခဲ့ခြင်းနှင့် အခြားသာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်ခဲ့သည်မှာ မိမိတို့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူရမည်ဖြစ်ပြီး တည်ထားပူဇော်ရာတွင် ပါဝင်ခဲ့သည့်အင်ဂျင်နီယာပညာရှင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိက အဆောက်အအုံများရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# လျှော်ဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား

( ၁ - ၄ - ၂၀၂၅ )




ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်တွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကျရောက်ခဲ့သည့် အခြေအနေများ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေး ပစ္စည်းများပေးပို့မှု

အခြေအနေများ၊ စေတနာထက်သန်စွာဖြင့် လာရောက်လှူဒါန်းမှုများအပေါ် ကျေးဇူးတင်ရှိမှုတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး ၁၈ ကြိမ်အနက် ၁၉၁၂ ခုနှစ် မေလ ၂၃ ရက်တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်(ချ်)တာစကေးရှိ မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ပြီး ဒုတိယအပြင်းထန်ဆုံးမှာ လက်ရှိဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၇ ရစ်(ချ်)တာစကေးရှိ ငလျင်ဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်ပါက အကြိမ်ကြိမ်အဖန်ဖန် လှုပ်ခတ်ခဲ့သည့် သင်ခန်းစာများရှိပြီးဖြစ်သဖြင့် ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ဖြစ်ပျက်မှုများကို သတိပြုရန်နှင့် သင်ခန်းစာရယူနိုင်ရန်လိုကြောင်း၊ ငလျင်လှုပ်ခတ်ပြီးချိန်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်မှုများ များပြားကြောင်း သိရှိရသည့်အတွက် မိမိအနေဖြင့် ငလျင်လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ မြို့တွင်းရှိ အချို့သောလမ်းကြောင်းများ၊ အဆောက်အအုံများအနေဖြင့် ထိခိုက်ပျက်စီးမှု အလွန်များပြားခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ မိမိအနေဖြင့် အသိပေးပြောကြားချက်တစ်ခုကို ချက်ချင်းထုတ်ပြန်ပြောကြားခဲ့ကြောင်း၊ ထိုသို့ထုတ်ပြန်ချိန်တွင် မိမိတို့နိုင်ငံ တစ်ခုတည်းအနေဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အချိန်များစွာယူရမည်ဖြစ်သည့်အတွက် ပြည်ပမှ အကူအညီများ ရရှိစေရေးအတွက်လည်း ထည့်သွင်းပြောကြားခဲ့ကြောင်း။

ထိုသို့ ပြောကြားခဲ့သဖြင့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးအချိန်နာရီအတိုင်းအတာတစ်ခုအတွင်း တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာခြင်းကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဝိုင်းဝန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးခဲ့ခြင်းအတွက် နိုင်ငံတကာကိုလည်း မိမိတို့အနေဖြင့် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်တို့အနေဖြင့်လည်း လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သကဲ့သို့

> ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီး အချိန်နာရီအတိုင်းအတာတစ်ခုအတွင်း တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ အပါအဝင် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာခြင်းကြောင့် ငလျင်ဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်တိုအတွင်း ဝိုင်းဝန်း ဆောင်ရွက်နိုင်၊ ထိုသို့ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးခဲ့ခြင်းအတွက် နိုင်ငံတကာကိုလည်း မိမိတို့အနေဖြင့် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလို၊ အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်တို့ အနေဖြင့်လည်း လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး ဖုန်းဖြင့်ဆက်သွယ် ပြောကြားခဲ့သကဲ့သို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် အပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ ဘရူနိုင်း နိုင်ငံ၊ နီကာရာဂွာ နိုင်ငံတို့မှ အကြီးအကဲ များကလည်း ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများ ပေးပို့ဆက်သွယ်ခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများကို ပေးအပ်ခဲ့ကြ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် အပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ နီကာရာဂွာနိုင်ငံတို့မှ အကြီးအကဲများကလည်း ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများ ပေးပို့ဆက်သွယ်ခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများကို ပေးအပ်ခဲ့ကြကြောင်း။

နိုင်ငံတော်အနေဖြင့် ဘီလီယံ ၅ဝဝ ကို မတည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ ၁၉၁၂ ခုနှစ်ခန့်မှ စတင်၍ ငလျင်များ လှုပ်ခတ်ခဲ့သည့် သင်ခန်းစာများများစွာ ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အလေးထားပြီး ဆောင်ရွက်ရန် လိုအပ်ချက်များရှိသည်ကို တွေ့ရကြောင်း၊အဆောက်အအုံများနှင့်ပတ်သက်၍လည်း အဆောက်အအုံများ ဆောက်လုပ်ရာတွင်ဖြစ်ပေါ်လာနိုင်မည့် ငလျင်ဒဏ်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည်များရှိခြင်းကြောင့် ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးတွင် မလိုလားအပ်ဘဲ သေဆုံးခဲ့ရမှုများ၊ ဒဏ်ရာရရှိခဲ့ရမှုများနှင့် အပျောက်အဆုံးများရှိခဲ့ရကြောင်း၊ ယနေ့နံနက် ၈ နာရီအချိန်အထိ စာရင်းကောက်ယူမှုများအရ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ ၂၇၁၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၂၁ ဦး၊ ပျောက်ဆုံးနေသူ ၄၄၁ ဦး ရှိသည်ဟု သိရှိရပြီး ကယ်ဆယ်ရေးလုပ်ငန်းများကိုအင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ငလျင်သဘာဝဘေးဒဏ်သည် အင်ဂျင်နီယာပိုင်းဆိုင်ရာအတွက် ကြီးမားသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ အင်ဂျင်နီယာ ရှုထောင့်အရ အဆောက်အအုံများ တည်ဆောက်ရာတွင် စနစ်တကျ တွက်ချက်ဆောက်လုပ်သင့်သည်ကိုသင်ခန်းစာ ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် မိမိအနေဖြင့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မာရဝိဇယ ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ (လုံးဝ)မရှိခဲ့ကြောင်းနှင့် အခြားသာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှု ဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း။

ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နေရာများတွင် ကနဦးအနေဖြင့် အပျက်အစီးများဖယ်ရှား ရှင်းလင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးယခင်အတိုင်း ပြန်လည်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၁၂ နာရီ ၅၁ မိနစ် ဂ၂ စက္ကန့်အချိန်တွင် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ တက်ရောက်လာကြသူများသည် တစ်မိနစ် ငြိမ်သက်စွာရပ်တန့်၍ တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ဦးညွှတ်ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် အဆောက်အအုံများနှင့်ပတ်သက်၍ အချို့အာမခံလုပ်ငန်းများ ဆောင်ရွက်ထားသည့် အဆောက်အအုံများအား အာမခံလျော်ကြေးငွေများနှင့် အဆောက်အအုံများ ဖျက်သိမ်းခွင့်ရရှိရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း တတ်နိုင်သလောက် ကူညီဆောင်ရွက်

ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက တည်ဆောက်ရေး လုပ်ငန်းများအတွက်လည်း နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယခုအခမ်းအနားသို့ မလာရောက်မီ မိမိ အနေဖြင့် လွှတ်တော်အဆောက်အအုံများ ငလျင်ဘေး ဒဏ်သင့်ခဲ့ရမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏကြီးမားသည့်အတွက် များစွာပြန်လည်ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများဖြစ်ပေါ် ခဲ့ခြင်းကြောင့်နိုင်ငံတော်အတွက်စီးပွားရေးကဏ္ဍကိုလည်း တိုးတက်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင် ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက် ပေးကြရန်လိုကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေး ကြစေလို ကြောင်း။

အလားတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လည်းလိုကြောင်း၊ တည်ငြိမ်အေးချမ်းမှု ရှိမှသာလျှင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက် အဖျက် သမားများအနေဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက် စေရေးအပြင် အခြားသော အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေမှုများရှိကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် နှစ်ပတ် အပစ်အခတ် ရပ်စဲမည်ဟု ထုတ်ပြန်ထားကြောင်း၊ တပ်မတော်အနေဖြင့် မည်သည့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စခန်းကိုမျှ တိုက်ခိုက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့ဦးစွာလာရောက်တိုက်ခိုက် မှသာလျှင် လိုအပ်သည့် တုံ့ပြန်မှုများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ် တံခါးဖွင့် ထားလျက်ရှိပြီးဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရသာကို ခံစားနိုင်ရေး ရိုးသား ပွင့်လင်းစွာ ဆွေးနွေးသွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေး လမ်းစဉ် များအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ကြရန်လို ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာကို အကြမ်းဖက်သည့် နည်း လမ်းဖြင့် ဖြေရှင်းရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့ အနေဖြင့် ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်ရှိ အခြေအနေတွင် တိုက်ပွဲဖော်ဆောင်ခြင်းများ မရှိသော်လည်း တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် စုဖွဲ့ခြင်း၊ လေ့ကျင့် ပြင်ဆင်ခြင်းများ လုပ်ဆောင်နေကြသည်ကို မိမိတို့အနေဖြင့် သိရှိပြီးဖြစ်ပြီး ထိုသို့ဆောင်ရွက်နေခြင်းသည် တိုက်ခိုက် ခြင်းပင် ဖြစ်သဖြင့် တပ်မတော်အနေဖြင့် လိုအပ်သည့် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကိုဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

အချုပ်အားဖြင့်ဆိုရပါက ယခုကဲ့သို့ငလျင်ဘေးဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စာနာထောက်ထားမှု အပြည့်ဖြင့် လာရောက်လှူဒါန်းမှုပြုကြသည့် စေတနာရှင် အလှူရှင်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံး ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများတွင် ယခုထက်ပို၍ ပါဝင် ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမို တိုးတက်ပါစေရန် ဆုတောင်းမေတ္တာပြု ပါကြောင်း ပြောကြားသည်။

■ ■ ■

# ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့် မိန့်ခွန်း

**( ၄ - ၄ - ၂၀၂၅ )**



ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို ဧပြီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Shangri-La ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ ဘင်းမ်စတက်အလှည့်ကျ ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ခေါင်းဆောင်များအား တစ်ဦးချင်း ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပရာ ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထိုသို့ အဖွင့်အမှာစကားပြောကြားနေချိန်အတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် မတ်လ ၂၈ ရက်နေ့၌ ပြင်းထန်စွာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်သူများအတွက် တစ်မိနစ်ငြိမ်သက် ဂါရဝပြုကြသည်။

ထို့နောက် အစည်းအဝေးအစီအစဉ်ကို အတည်ပြုပြီး ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းအသီးသီး ပြောကြားကြသည်။

ထိုသို့ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံ၏ ဘင်းမ်စတက်ဥက္ကဋ္ဌ သက်တမ်း ဆောင်ပုဒ်ဖြစ်သည့်

"သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်"သည် အဖွဲ့ဝင်နိုင်ငံများ၏ ရည်မှန်းချက်များနှင့် အလွန်လိုက်လျောညီထွေရှိကြောင်း၊ ထိုင်းနိုင်ငံ၏ ဦးဆောင်မှုအောက်တွင်အစီအစဉ်များစွာအကောင်အထည်ပေါ်လာခဲ့ကြောင်း၊ အထူးသဖြင့် ယခု ထိပ်သီးအစည်းအဝေးတွင် အတည်ပြုချမှတ်မည့် ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ ကို ရေးဆွဲ အဆိုပြုခြင်းအတွက် ဥက္ကဋ္ဌ ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုကို အသိအမှတ်ပြု ပြောကြားလိုကြောင်း။

ထို့ပြင် မိမိတို့သည် ဘင်းမ်စတက် ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြုကြမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းများသည် ဘင်းမ်စတက် အစည်းအဝေးများ စနစ်တကျ ကျင်းပနိုင်ရန်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ ရှင်းလင်းမှုရှိစေရန်အတွက် လမ်းညွှန်များ ဖြစ်လာမည် ဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကိုတည်ဆောက်ရာတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် ဘင်းမ်စတက် လွတ်လပ်သောကုန်သွယ်မှုဧရိယာ

**အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေး လမ်းမကြီး စီမံကိန်းသည် ဒေသတွင်း ဆက်သွယ်ချိတ်ဆက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်၊ ဒေသတွင်း ရေကြောင်းဆက်သွယ်မှုများ၊ ကုန်သွယ်မှုများနှင့် ဆိပ်ကမ်းအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်မည့် ပင်လယ်ရေကြောင်း ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို မိမိအနေဖြင့် ကြိုဆို။**

သဘောတူညီချက်မူဘောင် (Framework Agreement on the BIMSTEC Free Trade Area Agreement–FTA) ကို ၂၀၀၄ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့သော်လည်း FTA ကို ထူထောင်ရန် အလုပ်မ်းဝေးနေဆဲပင်ဖြစ်ကြောင်း၊ FTA ကို ထူထောင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ပြီး ကုန်စည်နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေးတို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် FTA ၏ အသီးအပွင့်များကို ရရှိခံစားနိုင်ရေးအတွက် ယင်း၏ ဆက်စပ်သဘောတူစာချုပ်များ ဆွေးနွေးအပြီးသတ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် အရောင်းအဝယ်ကိစ္စများ အဆင်ပြေလွယ်ကူစေရန်နှင့် နိုင်ငံခြားငွေအပေါ် မှီခိုမှုကို လျှော့ချနိုင်ရန် ဒစ်ဂျစ်တယ် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ်များ၊ ဒေသသုံးငွေကြေးများဖြင့် ကုန်သွယ်နိုင်မည့် အခြေအနေများကို ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ၌ ငွေပေးချေမှု ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် မြန်မာနိုင်ငံက ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရာတွင် "ဘတ်–ကျပ်" တိုက်ရိုက်ပေးချေမှုနှင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရာတွင် "ရူပီး–ကျပ်" တိုက်ရိုက်ပေးချေမှုတို့ကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကိုတည်ဆောက်ရာတွင် အခြားအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တစ်ခုမှာ ဆက်သွယ်ချိတ်ဆက်မှု(connectivity) ပင်ဖြစ်ကြောင်း၊ ဆက်သွယ်ချိတ်ဆက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုကိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်း ဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်ပေးနိုင်မည့် ဘင်းမ်စတက် ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်းကို အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းသည် ဒေသတွင်း ဆက်သွယ်ချိတ်ဆက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဒေသ

တွင်း ရေကြောင်းဆက်သွယ်မှုများ၊ ကုန်သွယ်မှုများနှင့် ဆိပ်ကမ်းအခြေခံ အဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်မည့် ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို မိမိအနေဖြင့် ကြိုဆိုပါကြောင်း။

စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (energy cooperation)သည် ဒေသတွင်း သာယာဝပြောရေးအတွက် နောက်ထပ် အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ ဘင်းမ်စတက် ဓာတ်အားလိုင်း အပြန်အလှန်ချိတ်ဆက်မှုဆိုင်ရာ ပင်မစီမံကိန်းကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာ မျှဝေသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်များကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း။

သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးသည် အရေးကြီးလှကြောင်း၊ မိမိတို့၏ လူဦးရေသည် အစဉ်တိုးပွားလျက်ရှိသည့်အတွက် တိုးပွားလာသည့် လူဦးရေ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စားနပ်ရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေး လုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၇)နှင့် ဘင်းမ်စတက် ငါးလုပ်ငန်းနှင့် မွေးမြူရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်တို့ကို ဦးဆောင်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် ယင်းလုပ်ငန်းစီမံချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ကောင်းမွန်သည့် ရေ၊ မြေ၊ ရာသီဥတုကို ပိုင်ဆိုင်ထားကြောင်း၊ နည်းပညာရှိသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ ခေတ်မီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များနှင့် လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမည်ဆိုပါက မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက်ပါ အကျိုးရှိသည့် ရလဒ်များ ခံစားရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း၊ ထို့ကြောင့် ဘင်းမ်စတက် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ အခါအခွင့်သင့်ခိုက် အဖွဲ့ဝင်နိုင်ငံများအတွက် စိုက်ပျိုးရေးဆိုင်ရာ ဘင်းမ်စတက်ပညာသင်ဆုများ ပေးအပ်ခြင်းအတွက် အိန္ဒိယနိုင်ငံအား ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် မိမိတို့ မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကျရောက်မှုဒဏ်ကို မကြာခဏကြုံတွေ့ခံစားရလျက်ရှိကြောင်း၊ ထို့ပြင် မကြာသေးမီက မြန်မာနိုင်ငံကို ဗဟိုပြုပြီး အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ဒေသတွင်းနိုင်ငံအချို့တွင်လည်း ရိုက်ခတ်မှုများရှိခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၃၃၀၁ ဦး၊ ဒဏ်ရာရရှိသူ ၄၇၉၂ ဦးနှင့် ပျောက်ဆုံးနေသူ ၂၂၁ ဦးရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အခွင့်ကြုံခိုက်ပြီးခဲ့သည့် မတ်လ ၂၈ ရက်က မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ကြီးမားသည့် ငလျင်ကြီးကြောင့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် အဖွဲ့ဝင်နိုင်ငံများက စာနာထောက်ထားမှုပြောဆိုခြင်း၊ ရှာဖွေကယ်ဆယ်ရေးအတွက် အချိန်တိုအတွင်း ရောက်ရှိကူညီပေးခြင်း၊ ကယ်ဆယ်ရေးနှင့် စားသောက်ဖွယ်ရာများ အမြန်ပေးပို့ကူညီမှုများအတွက် မြန်မာပြည်သူများက ကျေးဇူးအထူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။ ဘင်းမ်စတက်အတွင်း ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ရေးသည် အရေးကြီးလှကြောင်း၊ မိမိတို့ဒေသသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများနှင့် အခြားကြိုတင်မမြင်နိုင်သည့်အကျပ်အတည်းများကိုရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အကျပ်အတည်းစီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အတွက် အစီအမံများကို ကြိုတင်ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်ရမည်**

မိမိတို့အနေဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို တွေ့ကြုံခံစားနေရပြီး ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးနှင့်

ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘင်းမ်စတက်လုပ်ငန်း စီမံချက်အကောင်အထည်ဖော်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေး အကျပ်အတည်းများကို ရင်ဆိုင်ရာတွင် ကြိုတင်ပြင်ဆင်မှုများလိုအပ်သည်ကို မီးမောင်းထိုးပြခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ခိုင်မာအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး အနာဂတ်တွင် ကပ်ရောဂါများဖြစ်ပွားသည့်အခါ ကာကွယ်ဆေးများ၊ ဆေးဝါးများနှင့်ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ရရှိရေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာ၌ အရေးပါလှသည့် ဘင်းမ်စတက် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၅)ကိုအချိန်မီ အကောင်အထည်ဖော်ရာတွင် ဝိုင်းဝန်းပံ့ပိုးပေးရန် အဖွဲ့ဝင်နိုင်ငံအားလုံးကိုမိမိအနေဖြင့် တိုက်တွန်းလိုကြောင်း။

ကပ်ရောဂါကာကွယ်မှု၊ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုတို့နှင့် စပ်လျဉ်း၍ ပံ့ပိုးပေးရန် ကမ်းလှမ်းချက်အတွက်ကမ္ဘာ့ဘဏ်ကို အခါအခွင့်သင့်ခိုက် ကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ ဒေသတွင်းလုံခြုံရေးသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး၏ နောက်ထပ်သော့ချက် မဏ္ဍိုင်ဖြစ်ကြောင်း၊ ဆိုက်ဘာလုံခြုံရေး၊ ရေကြောင်းလုံခြုံရေးနှင့် လူကုန်ကူးမှုနှင့်မူးယစ်ဆေးဝါးမှောင်ခိုမှု၊ အွန်လိုင်းလိမ်လည်မှုကဲ့သို့သောနိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို တိုက်ဖျက်ရာ၌ မိမိတို့၏တရားဥပဒေစိုးမိုးရေး အေဂျင်စီများအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ကြောင်း။

အထူးသဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ကြီးထွားလာသည့် အွန်လိုင်းလိမ်လည်မှုများကို ပူးပေါင်းတိုက်ဖျက်ကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးတွင် အိမ်နီးချင်းနိုင်ငံများနှင့်လက်တွဲဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၌ အသုံးချရန် လူကုန်ကူးခံရသူများကိုသက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည့်အတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကို မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ရေတိုမဟုတ်ဘဲ အမြဲတမ်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာပြောကြားလိုကြောင်း။

ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက်ကို ပုံဖော်ရန်အတွက် မိမိတို့အကြား သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်နွယ်ပတ်သက်မှုများကိုအခြေခံပြီး မိမိတို့ပြည်သူအချင်းချင်း ထိတွေ့ဆက်သွယ်မှုကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည်မိမိတို့ပြည်သူများအကြား အပြန်အလှန် နားလည်မှုကိုမြှင့်တင်ရာတွင်လည်းကောင်း၊ ဆက်ဆံရေး ပေါင်းကူးတံတားများ တည်ဆောက်ရာတွင်လည်းကောင်း အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းဖြင့် မိမိတို့ ဒေသ၏ကြွယ်ဝသည့် ယဉ်ကျေးမှု အမွေအနှစ်များကို အသုံးချနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် ဒေသခံလူထုအတွက်စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်

**စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (energy cooperation)သည် ဒေသတွင်း သာယာဝပြောရေးအတွက် နောက်ထပ် အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်၊ ဘင်းမ်စတက် ဓာတ်အားလိုင်း အပြန်အလှန် ချိတ်ဆက်မှုဆိုင်ရာ ပင်မစီမံကိန်းကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စွမ်းအင် အရင်းအမြစ်များကို ထိရောက်စွာ မျှဝေသုံးစွဲနိုင်မည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်များကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်။**

ကြောင်း၊ ဒီလိုဖန်တီးရာတွင်လည်း နီပေါနှင့် ဘူတန်နိုင်ငံတို့သည် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများရှိနိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများကိုပိုမိုလုပ်ဆောင်ပေးသွားရန် လိုအပ်သည်ကိုလည်းပြောကြားလိုပါကြောင်း။

မိမိတို့၏ လူငယ်များသည် ဘင်းမ်စတက်၏ အနာဂတ်ဖြစ်ကြောင်း၊ မိမိတို့၏ လူငယ်များ ဒစ်ဂျစ်တယ် စီးပွားရေးတွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ပညာရေးဆိုင်ရာ ဖလှယ်ရေး အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ လူငယ်စွန့်ဦးတီထွင်မှုအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် ကျွမ်းကျင်မှုများ ပိုမိုတိုးတက်ရန် မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူ ဖြစ်စေနိုင်မည့် အကြံဉာဏ်များ ဖလှယ်ရန်နှင့် နည်းလမ်းများ ရှာဖွေရန်အတွက် ဘင်းမ်စတက်လူငယ်မျိုးဆက်သစ် ဖိုရမ်ကို ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၃ ရက်အထိ ဇန်ကောက်မြို့တွင် ကျင်းပပေးသည့်အတွက် ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံအား ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

ဘင်းမ်စတက်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက စိတ်ဝင်စားမှုတိုးမြင့်လာသည်ကို သိရှိရသည့်အတွက် အားရကျေနပ်မိကြောင်း၊ ဘင်းမ်စတက်၏ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကို ရယူနိုင်ရန်အတွက် ရှိရင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေးကိုထိန်းသိမ်းထားရန်နှင့်အလားအလာရှိသည့် မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံသွားရန် အရေးကြီးကြောင်း၊ ဘင်းမ်စတက်၏ အနာဂတ်ဦးတည်ချက်များနှင့်စပ်လျဉ်းပြီး အစီရင်ခံစာနှင့် အကြံပြုချက်များ တင်ပြခြင်းအတွက် ထင်ပေါ်ကျော်ကြားပညာရှင်များအဖွဲ့ကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ထို့ပြင် အခါအခွင့်သင့်ခိုက် ဘင်းမ်စတက်၏ အတွင်းရေးမှူးချုပ်အသစ်အဖြစ် မစ္စတာ အင်ဒရာ မာနီပန်ဒေးကို ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုများအတွက် အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ တန်ဇင်လက်ခ်ဖဲလ်ကိုလည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဘင်းမ်စတက်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလတွင် ဘင်းမ်စတက်၏ တိုးတက်မှုကို များစွာအထောက်အကူပြုစေခဲ့သည့် ဦးဆောင်မှုအတွက် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဘင်းမ်စတက်ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် ဘင်းမ်စတက် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်စဉ်ကာလတွင် မိမိတို့အနေဖြင့် အပြည့်အဝထောက်ခံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ အားလုံးအတွက် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်ပြီး ပွင့်လင်းမြင်သာ ရုံသာမက တရားမျှတ၍ သာတူညီမျှဖြစ်ပြီး ရေရှည်တည်တံ့မည့် အနာဂတ်ကို ပုံဖော်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာလက်တွဲလုပ်ဆောင်ရန် မိမိတို့၏ ခိုင်မာသော ကတိကဝတ်ကို ထပ်လောင်းပြောကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ ပြောကြားသည့် အမှာစကား

## ( ၅ - ၄ - ၂၀၂၅ )






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ဧပြီလ ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ဦးညွှတ်ဂါရဝပြု**

အစည်းအဝေးမစတင်မီ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။

**ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု**

ထို့နောက် အစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကအမှာစကားပြောကြားရာတွင်ယခုအစည်းအဝေးသည်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များပါ တက်ရောက်သည့် အထူးအစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မတ်လ ၂၈ ရက်တွင်နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ရှိသည့် အင်အား အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း ယခုကဲ့သို့ ပြင်းထန်သည့် ငလျင်ဖြစ်ပေါ်ခဲ့မှုမှာ ရစ်(ချ်)တာစကေး ၆ နှင့်အထက် လှုပ်ခတ်မှု ၁၈ ကြိမ်ရှိပြီး ယခုလှုပ်ခတ်မှုသည် ဒုတိယအပြင်းထန်ဆုံးဖြစ်ကြောင်း၊ ၁၉၁၂ခုနှစ်၌ ပြင်ဦးလွင်မြို့တွင် ရစ်(ချ်)တာစကေး ၈ အထိ လှုပ်ခတ်ခဲ့သည့်ငလျင်သည် အပြင်းထန်ဆုံးဖြစ်ခဲ့ကြောင်း၊ မတ်လ ၂၈ ရက်တွင် ပြင်းထန်ငလျင်လှုပ်ခတ်

ခဲ့ချိန်သည် နေ့ခင်းဘက်ဖြစ်ခြင်းကြောင့် လူအများ ထိခိုက်မှု လျော့နည်းခဲ့ခြင်းမှာ အဆိုးထဲမှ အကောင်းပင် ဖြစ်ကြောင်း၊ ညဘက်အချိန်တွင်သာ လှုပ်ခတ်မှု ဖြစ်ပေါ် ခဲ့ပါက ထိခိုက်ဒဏ်ရာရမှုများမှာ မတွေးဝံ့စရာပင်ဖြစ် ကြောင်း။

ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ယခုအချိန် အထိ သေဆုံးသူ ၃၄၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၄၀၊ ပျောက်ဆုံးနေသူ ၂၁၄ ဦး စုစုပေါင်း ၈၆၀၀ ကျော်ခန့် ထိခိုက်သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အသေးစိတ်စာရင်း မရရှိသေးသော်လည်း အဆောက်အအုံပေါင်း ၅၂၂ လုံး၊ စာသင်ကျောင်းပေါင်း ၁၈၂၄ ကျောင်း၊ ဘုန်းတော်ကြီး ကျောင်းနှင့် သီလရှင်စာသင်တိုက်၂၇၅၂ ကျောင်း ထိခိုက် ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၄၈၁၇ ဆူ ထိခိုက် ပျက်စီးဆုံးရှုံးခြင်း၊ ဆေးရုံဆေးခန်း ၁၆၇ ခု ပျက်စီးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေးသွား ရထားလမ်းနှင့် ကားလမ်းများ ပျက်စီးခြင်းနှင့် အချို့ဘူတာများတွင် ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ တံတား ၁၆၉ စင်း ပျက်စီးခြင်း၊ ဆည်မြောင်းတမံ ၁၉၈ ခု ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခြင်း၊ အမြန်လမ်းမကြီးတစ်လျှောက် အပိုင်း ၁၈၄ ခု ထိခိုက် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ များပြား ကြောင်း။

**အဆောက်အအုံများ ဆောက်လုပ်ရာတွင် ခိုင်ခံ့မှုကို အလေးထား**

အဆောက်အအုံများ ပျက်စီးမှုများကြောင့် သေဆုံးမှုများ ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်၍ လေ့လာကြည့်သည့်အခါ ယခုဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာသည် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည့် ဆုံးရှုံးမှုဖြစ်ပြီး ကြီးမားသည့် သင်ခန်းစာ တစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငလျင်နှင့်ပတ်သက်ပြီး အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ကို ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေး စနစ်တကျ အင်ဂျင်နီယာပိုင်းဆိုင်ရာများကို စိစစ်တည်ဆောက်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် စစ်ကိုင်းပြတ်ရွှေ့ကြောကြီး အပေါ်တွင် တည်ရှိကြောင်း၊ အဆိုပါပြတ်ရွှေ့ကြောကြီး၏ ပွတ်တိုက်ရွေ့လျားမှုကြောင့် ပြင်းထန်သည့် ငလျင်ဖြစ် ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲ ငလျင်ငယ်လေးများ ဆက်လက်လှုပ်ခတ်လျက်ရှိပြီး ယခုအချိန်အထိ မိမိတို့ နိုင်ငံတွင် ၇၉ ကြိမ်ရှိပြီဖြစ်ကြောင်း၊ ရစ်(ချ်)တာစကေး ၆ နှင့် ၇ ပတ်ဝန်းကျင် လှုပ်လေ့လှုပ်ထရှိပြီး အမြင့်ဆုံးမှာ ရစ်(ချ်)တာစကေး ၈ အထိ အမြင့်ဆုံးလှုပ်ခတ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ငလျင်သက်ရောက်သည့် ဒေသတွင်ရှိသည့် ဒေသများ၌ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများဖြစ်ရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ခိုင်ခံ့မှုကို အလေးမထားသည့်အတွက် မလိုလားအပ်သည့် ပျက်စီး ဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မျက်မြင် စစ်ဆေးချက်များအရ အချို့အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ် ချက်များနှင့် ကိုက်ညီမှုများ မရှိသည်ကို စိစစ်တွေ့ရှိရ ကြောင်း၊ ထိုသို့သတ်မှတ်ချက်နှင့် မညီညွတ်ဘဲ ဆောင်ရွက် ထားသည်များကို ပြန်လည်စိစစ် အရေးယူဆောင်ရွက်

> **အထပ်မြင့်နှင့် အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်(ချ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်လို၊ ယခင်က တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် ကွဲအက်မှုများဖြစ်ပေါ်ကာ စိတ်ချရမှု မရှိနိုင်ပါကလည်း အဆိုပါအဆောက်အအုံကို ဖျက်သိမ်းသွားရန်လို၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ခဲ့မှုများသည် နောင်အနာဂတ် ကာလတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်၊ ထို့ကြောင့် အဆောက်အအုံများ ခိုင်ခံ့စွာ တည်ဆောက်ရေးအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားရန်။**

သွားရန်လိုကြောင်း၊ အဆောက်အအုံဆောက်လုပ်မှုနှင့် ပတ်သက်၍ နောင်တွင် ဆောက်လုပ်ရေးဆိုင်ရာအဖွဲ့ အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့အစည်းများ အနေဖြင့်မြို့နယ်နှင့်ခရိုင်များအလိုက်ဖွဲ့စည်းပေးထားသည့် ကော်မတီများနှင့်ပူးပေါင်း၍အဆောက်အအုံဆောက်လုပ်မှုများကို စနစ်တကျကြပ်မတ်စိစစ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နောင်တွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်း အပိုင်း၄ပိုင်းဖြင့် ဆောင်ရွက်**

ယခုအခါ ပြင်းထန်ငလျင်လှုပ်ခတ်ပြီး ၉ ရက်မြောက်နေ့သို့ရောက်ရှိလာပြီဖြစ်ပြီး အပျက်အစီးများကို ရှင်းလင်းနေပြီဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အပျက်အစီးများကိုအမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည့် ပစ္စည်းများ၊ ယာယီဆေးရုံများ လုံလောက်စွာ ရရှိစေရေးအတွက် မိမိအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

**လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ**

ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ အမြန်ဆုံးပြန်ပွင့်နိုင်ရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် မော်တော်ကားလမ်းများ၊ ရထားလမ်းများနှင့် တံတားများအားပြန်လည်ပြင်ဆင်လျက်ရှိကြောင်း၊ အလားတူ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည့် စစ်ကိုင်းတံတားအား ပြန်လည်ပြင်ဆင်၍ ရထားပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံတစ်ခုကလည်း ကူညီဆောင်ရွက်ပေးမည်ဟု ကနဦးသိရှိထားကြောင်း၊ အဆိုပါ စစ်ကိုင်းတံတားသည် အထက်မြန်မာပြည်သို့ သွားရောက်သည့် ရထားလမ်းပိုင်းတွင် အဓိကကျကြောင်း၊ ထို့ကြောင့် ရထားသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံ တံတားသည်လည်း မူလီများပြုတ်ထွက်ပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ တံတားများမှ သွားလာနိုင်ရေး အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ငလျင်ဒဏ်သင့်ပြည်သူများ မိုးမကျမီ ယာယီအဆောက်အအုံများ၌ ကောင်းမွန်စွာနေထိုင်နိုင်ရေးဆောင်ရွက်**

ငလျင်ဒဏ်ကြောင့် လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့်လူအများစုမှာအဆောက်အအုံများ၏ပြင်ပတွင် နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေထိုင်မှုများ အဆင်ပြေစေရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ယာယီတဲများအားလုံးကို ထုတ်ယူသုံးစွဲရန် မိမိအနေဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝမ်းရောဂါများ မဖြစ်ပွားစေရေးအတွက် သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ယာယီယင်လုံအိမ်သာများ တည်ဆောက်ပေးသွားရန် လိုအပ်သကဲ့သို့ ဝမ်းရောဂါကာကွယ်ဆေးနှင့် ကုသဆေးများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားရန်လိုကြောင်း။

ထို့အတူ သန့်ရှင်းသည့် သောက်သုံးရေများ ရရှိစေရေးအတွက် မိမိတို့အနေဖြင့် ရေသန့်များ ဖြန့်ဝေပေးသကဲ့သို့ နိုင်ငံတကာမှ ရေသန့်စက်များ ရရှိစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသန့်များ လုံလောက်စွာ မရရှိနိုင်သေးသည့် အချိန်တွင် ရေကိုကျိုချက်သောက်သုံးနိုင်ရေး ဆောင်ရွက်ပေးသွားရန်လည်းလိုကြောင်း၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်မှု အဆင်ပြေစေရေး နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူများကလည်း အလေးထားပြီး ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ယာယီနေထိုင်သည့် အချိန်တွင်လည်း မိသားစုအလိုက် လုံခြုံမှုရှိစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ဘက်ပေါင်းစုံမှစဉ်းစား၍ လိုအပ်သည်များအားလုံးကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့မှုများအား ကုသပေး**

ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သည့်စိတ်ထိခိုက်ဒဏ်ရာရရှိခဲ့မှုများကိုလည်း လျှော့ချ

ပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိဘများ၊ သားသမီးများနှင့် ဆွေမျိုးသားချင်းများ ဆုံးရှုံးခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့မှုများကိုလည်း ဖျောင်းဖျအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်းထန်သည့် ထိခိုက်ဒဏ်ရာရရှိပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ကြသူများကိုလည်း ကုသမှုများဆောင်ရွက်ပေးရာတွင် ပြန်လည်ထူထောင်ရေးအတွက် ခြေတုလက်တုများ တပ်ဆင်ပေးနိုင်သည်အထိ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာများ လုံးဝပျောက်ကင်းသည်အထိ ကုသမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဖြစ်ပွားပြီးချိန်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၌ ပြင်းထန်ငလျင်ထိခိုက်ဒဏ်ရာများရရှိပြီး လာရောက်ကုသမှု လူနာများများပြားခဲ့သည်ကို တွေ့ရှိရခြင်းကြောင့် နေပြည်တော်တပ်မတော်ဆေးရုံကြီးသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းနှင့် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားကွင်းတို့၌ ယာယီဆေးရုံများ ဖွင့်လှစ်ဆောင်ရွက်ပေးထားကြောင်း၊ ပြည်ပနိုင်ငံများမှ ဆေးကုသရေးအဖွဲ့များ အနေဖြင့်လည်း လာရောက်ကုသပေးလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် လူနာများကို အမြန်ဆုံး ကုသဆောင်ရွက်ပေးရန်လိုပြီး သက်သာပျောက်ကင်းသည်အထိ ကုသပေးရန်လိုကြောင်း။

### ပြန်လည်ထူထောင်ရေး

ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးရာသီကာလသို့မရောက်မီ ပြင်ဆင်ဆောက်လုပ်၍ ရသည့် အဆောက်အအုံများကို အမြန်ပြန်လည်တည်ဆောက်သွားရန်လိုပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဘင်းမ်စတက် အစည်းအဝေးသို့ တက်ရောက်နေချိန်တွင်လည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအတွက် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများရရှိစေရေး အကူအညီများ ပေးအပ်ရန် ပြောကြားခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြေစာရင်း ပိုင်ဆိုင်မှုဆိုင်ရာ စာရင်းရှုပ်ထွေးမှုမရှိသည့် နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆောက်အအုံများ ပြန်လည်တည်ဆောက်သွားရန်လိုကြောင်း၊ မိုးမကျမီအချိန်အတွင်း ပြန်လည်ပြင်ဆင်ဆောက်လုပ်၍ရနိုင်သည့် အဆောက်အအုံများကို အမြန်ဆုံးပြန်လည်ဆောက်လုပ်သွားရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အထပ်မြင့်နှင့် အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်ချ်တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရေး ပိုင်းဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခင်က တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် ကွဲအက်မှုများဖြစ်ပေါ်ပါက စိတ်ချရမှု မရှိနိုင်ပါကလည်း အဆိုပါအဆောက်အအုံကို ဖျက်သိမ်းသွားရန်လိုကြောင်း၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ခဲ့မှုများသည် နောင်အနာဂတ်ကာလတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ ခိုင်ခံ့စွာတည်ဆောက်ရေးအတွက် အားလုံးက အလေးထားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အသေးစိတ်စစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကို စနစ်တကျဖြင့် ပြုပြင်ခြင်း မပြုလုပ်ပါက နောင်တွင်ပြိုကျပျက်စီးသည်အထိ အန္တရာယ်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထိခိုက်ခဲ့သည့် အဆောက်အအုံများကိုလည်း ခိုင်ခံ့သည့် အဆောက်အအုံများဖြစ်အောင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရပ်တန့်မှုမရှိအောင်ဆောင်ရွက်

ငလျင်ဒဏ်ကြောင့် ထိခိုက်မှု ဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို ငလျင်ဒဏ် ထိခိုက်မှုမရှိခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏

စားရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စားရေးအတွက် ပူပန်မှု မရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့ပေးသွားမည်**

ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့မှုများအတွက် တစ်ဦးလျှင် ငွေကျပ် ၁ဝ သိန်းစီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ် မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မတော်လောဘများဖြင့် ဈေးနှုန်းများ အဆမတန်မြှင့်တင်၍ ရောင်းချခြင်းများ မရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်

> အဆောက်အအုံများ တည်ဆောက်ရာတွင် ပေါ့ပေါ့တန်တန် ဆောင်ရွက်ခဲ့မှုများကြောင့် မလိုလားအပ်သည့် လူ့အသက် ဆုံးရှုံးမှုများစွာ ပေးဆပ်ခဲ့ရခြင်းဖြစ်၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုယ့်အကျိုးအမြတ် တစ်ခုတည်းကို အဓိက မကြည့်ဘဲ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရန်လို၊ မိမိတို့အနေဖြင့် နောင်တည်ဆောက်မည့်လုပ်ငန်းများတွင် SOP များ ရေးဆွဲထုတ်ပြန်၍ စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်၊ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နောင်တစ်ချိန်၌ ကြီးမားသော ဆုံးရှုံးမှုများ မဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထား မှာကြားလို။

အစိုးရအဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီတွင် ရောက်ရှိတော့မည့် သင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ အများသူငါ ပူဆွေးသောက ရောက်နေသည့် အချိန်ဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ စည်စည်ကားကားနှင့် ပျော်ပျော်ပါးပါး လုပ်ဆောင်ရန် မသင့်လျော်သည့်အတွက် သင်္ကြန်ကာလကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းသွားကြရန် အားလုံးကို အလေးထားမှာကြားလိုကြောင်း၊ ရိုးရာအစဉ်အလာနှင့် အညီ ရေပက်ကစားခြင်းများကိုသာ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုအချိန်တွင် အရေးကြီးသည်မှာ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ပြီးစီးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအနေဖြင့်လည်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိမိတို့၏ ဝန်ကြီးဌာန လက်အောက်ခံရုံးဌာနများသို့ သွားရောက်၍ ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန်လိုကြောင်း မှာကြားသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

ဖြည့်စွက်ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်သွယ်ရေးလမ်းကြောင်းများအားလုံး အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပအကူအညီများနှင့်ပတ်သက်၍ ဘေးဒဏ်သင့်ဒေသများတွင် အမှန်တကယ် အကူအညီများ ပေးအပ်လိုသည့် အဖွဲ့အစည်းများရှိသကဲ့သို့ ငလျင်ဘေးဒဏ်ကို အကြောင်းပြု၍ အပြုသဘောမဆောင်သည့် ဝင်ရောက်လာမှုများလည်း ရှိနိုင်သဖြင့် စနစ်တကျစိစစ်၍ လက်ခံသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လိုအပ်နေသူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ် သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျ စာရင်းပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ စာရင်းများ မထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရန်

လိုကြောင်း၊ ငလျင်သဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများတွင် ခြေလက်အင်္ဂါဆုံးရှုံးခဲ့ရသူများအား စနစ်တကျ မှတ်တမ်းပြုစုထားရှိရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သပ်သပ်ရပ်ရပ်ဖြင့် ခိုင်ခိုင်ခံ့ခံ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကျောင်းကန်များကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဘုန်းတော်ကြီးကျောင်းများနှင့် ဗလီများကိုလည်း ယခင်ခွင့်ပြုထားသည့်အတိုင်း တည်ဆောက်ခွင့်ပြုရန်လိုကြောင်း၊ အလားတူ ခရစ်ယာန်ကျောင်းများ ပျက်စီးမှုများရှိပါကလည်း ဘာသာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများကို စနစ်တကျဖြင့် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ စာသင်ကျောင်းများနှင့်ပတ်သက်၍ မူလတန်းကျောင်းများကို ကျောင်းဖွင့်ရာသီအမီ အမြန်ဆုံးပြန်လည်ပြင်ဆင်၍ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရန်လိုကြောင်း၊ ပြင်ဆင်ရန် မမီပါက ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသွားရန်လိုကြောင်း၊ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်မှု မရှိစေရေးအတွက်လည်း တာဝန်ရှိသူများက စနစ်တကျ စိစစ်ဆောင်ရွက်နေရန်လိုကြောင်း။

အချက်အလက်များ ကောက်ယူခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်စက်ရုံများ အမြန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် MSME လုပ်ငန်းများ အမြန်ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လမ်းတံတားများ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် အင်ဂျင်နီယာပညာရပ်နှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ “အစကောင်းမှ အနှောင်းသေချာ”ဆိုသည့်အတိုင်း စတင်ဆောက်လုပ်စဉ်ကတည်းက ကောင်းမွန်ခိုင်ခံ့အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများနှင့်ပတ်သက်၍ အသစ်ပြန်လည် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြန်လည်တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ ခိုင်ခံ့အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ပေါ့ပေါ့တန်တန် ဆောင်ရွက်ခဲ့မှုများကြောင့် မလိုလားအပ်သည့် လူ့အသက်ဆုံးရှုံးမှုများစွာ ပေးဆပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကိုယ့်အကျိုးအမြတ်တစ်ခုတည်းကို အဓိက မကြည့်ဘဲ သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နောင်တည်ဆောက်မည့် လုပ်ငန်းများတွင် SOP များ ရေးဆွဲထုတ်ပြန်၍ စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်နောင်တစ်ချိန်၌ကြီးမားသော ဆုံးရှုံးမှုများ မဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထား မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပျက်စီးမှုများဖြစ်ပေါ်နေသည့် နေရာများမှ ပစ္စည်းများအား စနစ်တကျ ရွှေ့ပြောင်းသွားရန်လိုကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များနှင့် စနစ်တကျ စစ်ဆေးပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေချိန်အတွင်း ပြတိုက်အတွင်းသို့ ဝင်ရောက်မှုများကို စနစ်တကျ မှတ်တမ်းတင်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားစာကြည့်တိုက်ရှိ ပျက်စီးမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့် စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

■ ■ ■

# စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၆ - ၄ - ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ဧပြီလ ၆ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မြတ်ကိုယ်ပိုင်အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ထိခိုက်ပျက်စီးခဲ့မှုများအား စနစ်တကျစိစစ်၍ ပြန်လည်ပြုပြင်နိုင်သည်များကို အဆင့်အလိုက် ပြုပြင်သွားရန်၊ ပြုပြင်၍မရသည့် အန္တရာယ်ရှိကျောင်းဆောင်များကို စနစ်တကျ ဖြိုချသွားရန်နှင့် ဆယ်တင်၍ရနိုင်သည့် ပစ္စည်းများကိုလည်း စနစ်တကျ ပြန်လည်ဆယ်တင် အသုံးပြုသွားရန်၊ ပြန်လည်ပြုပြင်၍ ရနိုင်သေးသည့် ကျောင်းဆောင်အား ကျောင်းဖွင့်ချိန် မတိုင်မီ စနစ်တကျ ပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး ကြပ်မတ်

ဆောင်ရွက်သွားရန်နှင့် ခိုင်ခံ့မှုရှိစေရေး အလေးထား ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**မျှမျှတတရရှိစေရေး ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် နေရာများအားလုံး မျှမျှတတ ရရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတား နေရာများအား လတ်တလော သွားလာနိုင်ရန်အတွက် ယာယီပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုများကို အပိုင်းလိုက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ဆက်လက်ပြင်ဆင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများတွင် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ ရှိမည်ဖြစ်ပြီး ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများကို တတ်နိုင်သရွေ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ယခင်ကထက် ပိုမိုကောင်းမွန်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလမ်းရပ်ကွက် ကမ်းနားလမ်းပေါ်ရှိ မိုးဇာရေပေးဝေရေးစက်ရုံ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် ပင်မလမ်းအူကြောင်း ရွှေ့လျားပြောင်းလဲခဲ့သည်အထိ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စကုမှော်ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးထားမှုများကိုကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စစ်ကိုင်းမြို့မှ လုပ်အားပေးလာရောက်ကြသည့် စေတနာ့ဝန်ထမ်း ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။ ယင်းနောက် စကုမှော်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ စစ်ကိုင်းတံတား(အင်း၀) ရထားလမ်းကူးတံတားပြိုကျပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုပြီး အမြန်ဆုံး ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

■ ■ ■

# မန္တလေးငလျင်ဒဏ်ကြောင့်နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း အတွင်းရှိ အားကစားရုံများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၇ - ၄ - ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နှင့်အဖွဲ့ဝင်များလိုက်ပါ၍ ဧပြီလ ၇ ရက်နေ့ ညနေပိုင်းတွင် ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း (Wunna Theikdi Sports Complex) အတွင်းရှိ အားကစားရုံ အဆောက်အအုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ဘောလုံးကွင်းနှင့် ပြေးလမ်းထိခိုက်ပျက်စီးခဲ့ရမှုများ၊ ပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများနှင့် အားကစားကွင်းများအား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အဖွဲ့များမှ နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပွဲများ ကျင်းပချိန်တွင် အားကစားသမားများနှင့် ပရိသတ်များ အများအပြား လာရောက်ကြမည်ဖြစ်သဖြင့် ကြံ့ခိုင်မှုကို အလေးပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မီတာ ၄၀၀ ပြေးလမ်းနှင့် ပွဲကြည့်စင်များရှိ ထိုင်ခုံများကို စနစ်တကျ ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)နှင့် (B) အဆောက်အအုံနှင့် ဝဏ္ဏသိဒ္ဓိရေကူးကန်သို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက

ထိခိုက်ပျက်စီးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံများအနေဖြင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့သော်လည်း Indoor Games များ ကျင်းပရာနေရာများဖြစ်သဖြင့် နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ကြံ့ခိုင်မှုအခြေအနေကို သိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် အဆောက်အအုံ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှု ဦးစားပေး၍ စနစ်တကျ ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

■ ■ ■

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၄ - ၂၀၂၅ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ဧပြီလ ၈ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)ရှိဆေးကုသဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ၌ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်ပွားစဉ်ထိခိုက်ပျက်စီးခဲ့ရမှုများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိဆေးကုသဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ခွဲစိတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှု၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့မှုများအား ဆောက်လုပ်ရေးပညာရှင်များဖြင့် စနစ်တကျစစ်ဆေးကာ ပြုပြင်၍ရနိုင်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ ပြုပြင်၍မရနိုင်သည့် အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အဆောက်အအုံတည်ဆောက်မှုတာဝန်ခံ အင်ဂျင်နီယာများ၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေ/မီးပိုင်းဆိုင်ရာ တာဝန်ခံများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျ တည်ဆောက်သွားရန်လိုအပ်မည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက်လည်း ထည့်သွင်းတွက်ချက်ဆောက်လုပ်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်တွင် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို စိစစ်ခဲ့မှုများအရ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ

တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ ပေးဆပ်မှုတန်ဖိုးများ ကြီးမားခဲ့ရခြင်းဖြစ်သည်ကို သင်ခန်းစာ ဖော်ထုတ်ရရှိခဲ့ရကြောင်း၊ ထို့နောက် အဆောက်အအုံများ တည်ဆောက်ရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

■ ■ ■

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၊ ရန်အောင်မြင်ဆည်နှင့် ရွှေလျှားယာယီဆေးရုံတို့အား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၉ – ၄ – ၂၀၂၅ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် အနည်းငယ် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁ (MICC–1)၊ ရန်အောင်မြင်ဆည်တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ် ကုသပေးလျက်ရှိသည့် ယာယီဆေးရုံရှိ လူနာများအား ဧပြီလ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ လိုက်ပါပြီး ငလျင်ဒဏ်ကြောင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁ (MICC–1) ပင်မအဆောက်အအုံအဝင် မျက်နှာကြက်ထိခိုက်ပျက်စီးမှုများ၊ ကျောက်စိမ်းခန်းမ၊ ပတ္တမြားခန်းမ၊ မြခန်းမတို့ မျက်နှာကြက်ပျက်စီးမှုများနှင့် အစည်းအဝေးခန်းမများ၊ နံရံများ အနည်းငယ်ကွဲအက်နေမှုနှင့် ပျက်စီးမှုအချို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒက္ခိဏသီရိမြို့နယ်ရှိရန်အောင်မြင်ဆည်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကုန်းချောတမံ အက်ကွဲကြောင်းများအား ယာယီပြုပြင်ထားရှိမှု၊ အက်ကွဲကြောင်းများအတွင်း သဲနှင့် မြေသားဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် မြေသားစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်အောင်မြင်ဆည်ဆိုင်ရာ အချက်အလက်များနှင့် ဆည်တမံကြံ့ခိုင်မှုနှင့်ငလျင်ဒဏ်ကြောင့်အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့မှုတို့အား ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုရှိခဲ့သည့် ကုန်းချောတမံအား

ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများအား စိမ်းစိုသည်အထိ ဆောင်ရွက်သွားရန်၊ စိုက်ပျိုးထားသည့် သစ်ပင်များအား ရှင်သန်အောင် ပြုပြင်ထိန်းသိမ်းသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ် ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံ Dr. Elliott Tenpenny က ဆေးရုံ၌ လူနာများ ခွဲစိတ်ကုသပေးနေမှုနှင့် ဆေးရုံဖွင့်လှစ်ထားရှိမှု အခြေအနေများအား လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေ့လျားဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်မှုအတွက် အမေရိကန်နိုင်ငံအစိုးရနှင့် အမေရိကန်ပြည်သူလူထုအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

■ ■ ■

# မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်ပန်းမြို့အခြေအနေနှင့် ကလောမြို့သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁၀ - ၄- ၂၀၂၅ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကလောမြို့ သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဧပြီလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းသို့ ရောက်ရှိကြပြီး ဟိုတယ်အောင်ပန်း ကူညီကယ်ဆယ်ရေးလုပ်ဆောင်မှုများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကလောမြို့သို့ ရောက်ရှိကြပြီး ကလောဘူတာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောချောင်းတစ်လျှောက်ရေများ ပိတ်ဆို့နေခြင်းမရှိဘဲ စဉ်ဆက်မပြတ် စီးဆင်းမှုရှိစေရေးအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ ချောင်းအတွင်း အမှိုက်စွန့်ပစ်

ခြင်းများ မရှိစေရေး အတွက်လည်း အသိပညာပေးခြင်း၊ ဒဏ်ရိုက်ခြင်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့် ဒေသသာယာလှပရေးနှင့် လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဒေသခံများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကလေးချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြေယာရှုခင်းဖော်ဆောင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကလေးဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာရုံအနေဖြင့် စနစ်တကျ ရှိရမည်ဖြစ်ပြီး ခြံစည်းရိုးကာရံထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘူတာရုံ အဝန်းအဝိုင်းအတွင်း မီးရထားဝန်ထမ်းများနှင့် ရထားစီးခရီးသည်များသာ ရှိရမည်ဖြစ်ပြီး စနစ်ကျနပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့် ဘူတာရုံဖြစ်ရန်လိုကြောင်း၊ ဘူတာရုံသမိုင်းမှတ်တမ်းဓာတ်ပုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းခင်းကျင်းပြသထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

■ ■ ■

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားသည့်အမှာစကား

( ၁၀ - ၄- ၂၀၂၅ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမတို့၌ သီးခြားစီတွေ့ဆုံ၍ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာများ၊ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြို့နယ်များတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးခဲ့ရမှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် သဘာဝဘေးဒဏ် တုံ့ပြန်ဆောင်ရွက်နိုင်မည့် အခြေအနေများ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့စဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ထိခိုက်ပျက်စီးခဲ့မှုများအား ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ မှာကြားနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းအထိ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးနေသူ ၁၄၅ ဦးရှိသည်ဟု သိရှိရကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူများအား တစ်ဦးလျှင် ၁၀ သိန်းကျပ်စီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် နေအိမ်စုစုပေါင်း ခြောက်သောင်းကျော် ပျက်စီးဆုံးရှုံးခြင်း၊ စာသင်ကျောင်းပေါင်း ၂၃၆၆ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၃၅၁၄ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၅၆၂၀ ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံဆေးခန်း ၂၉၁ ခု ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ စနစ်တကျဖြင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်သည်ကို သိရှိခဲ့ကြရကြောင်း၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် အဆောက်အအုံများကို စစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှု မရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှုအလွန်ကြီးမားခဲ့ရကြောင်း။

မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် ပိတ်မိနေရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဖြင့် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း အင်တိုက်အားတိုက်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ပြီးလျှင်ပြီးချင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့သကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြကြောင်း၊ အလှူရှင်များအနေဖြင့်လည်း ပြည်သူများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသကဲ့သို့ ငလျင်ဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ သွားရောက်၍ လှူဒါန်းမှုများ ရှိကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ အခက်အခဲများ ဖြစ်ပေါ်ချိန်တွင် အချင်းချင်းကူညီဆောင်ရွက်ပေးမှုများသည် ကောင်းမွန်သည့် စိတ်ဓာတ်များပင်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အချို့ရထားလမ်း၊ မော်တော်ကားလမ်းများ၊ ဘူတာရုံများ၊ တံတားများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့်သည့် ဒေသများမှ ပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာ နေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအား မြှင့်တင်ရေး**

ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ ဆောက်လုပ်ရာတွင်လည်း စနစ်တကျ ဆောက်လုပ်ရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့်အညီတည်ဆောက်မှုများရှိစေရေး အသိပညာပေးမှုများကို ဆောင်ရွက်သွားရန်

လိုကြောင်း၊ မြို့သာယာလှပရေးတွင် ရေရရှိရေးသည် မဖြစ်မနေ လိုအပ်သည်ဖြစ်သည့်အတွက် သောက်သုံးရေ လုံလောက်စွာ ရရှိရေး၊ ရေဝေရေလဲ သစ်တောများထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း။

အစားအသောက်နှင့်ပတ်သက်၍ မိမိတို့ဒေသတွင်း၌ အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ယခု လျှင်သဘာဝဘေးဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးမြောက်မြားစွာ လိုအပ်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပို့ကုန်တိုးမြှင့်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်ရရှိနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အနေဖြင့်လည်း မိမိတို့ဒေသတွင် ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ရရှိရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုပြီး ပို့ကုန်တိုးမြှင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိအောင် အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဆုံးခန်း မတိုင်ခဲ့ရသူများ များစွာရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းဒေသ၌လည်း စာရင်းများကောက်ယူ၍ ကျောင်းပြင်ပ ပညာရေးဖြစ်သည့် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ၊ အသိပညာပေးခြင်းများ၊ ရက်တိုသင်တန်း ပို့ချပေးခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိအမြင်များ တိုးပွားလာစေနိုင်မည်ဖြစ်ကြောင်း၊ လာမည့် ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ရာနှုန်းပြည့်ကျောင်းတက်စေရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် ကျောင်းနေသူများ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းမြင့်မားရန်လိုကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ကျောင်းတက်ရောက်နေစဉ်ကာလအတွင်း ဆရာ၊ ဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပေးမှုများကြောင့် လိမ္မာရေးခြားရှိသည့် လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားလုံးက စိတ်ဝင်တစားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ ယခုထက် ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှု ရှိရမည်ဖြစ်ကြောင်း၊ မိမိနှင့်မိမိ မိသားစုအတွက် မည်သို့မျှအကျိုးမရှိသည့် ဆေးလိပ်၊ အရက်၊ ကွမ်းသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ သွားလာနေထိုင်စားသောက်မှု မဆင်ခြင်ခြင်းများကြောင့် အချိန်မတိုင်မီ မလိုလားအပ်ဘဲ အသက်ဆုံးရှုံးရခြင်းများ မဖြစ်စေရေး ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများ ဖြစ်လာရမည်၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် ပတ်သက်၍လည်း ယခုနှစ် အတာသင်္ကြန်ကာလကို မြန်မာရိုးရာအစဉ်အလာနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းကြစေလိုကြောင်း၊ လာမည့် ဒီဇင်ဘာလတွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်နှင့် ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေထွက်အား စနစ်တကျ ထိန်းသိမ်းသွားရန်လိုပြီး ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက် မပြတ် ဆောင်ရွက်ရန်လိုကြောင်း၊ ရေထွက်ပတ်ဝန်းကျင် ဧရိယာအတွင်း သစ်ပင်သစ်တောများကို စနစ်တကျဖြင့် ထိန်းသိမ်းသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော် ဘုရားကြီးသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ကာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဟိုပုံးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော် ကြည်ညို၍ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ဘုရားစေတီများ ထိခိုက်ပျက်စီးခဲ့မှုအား ပြန်လည်ပြင်ဆင်ရေးလုပ်ငန်း များကိုမူလပုံစံမပျက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျကျွမ်းကျင်ပညာရှင်များနှင့် မွမ်းမံပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီး များထံမှ သြဝါဒနာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ ယင်းနောက် ဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံ ရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီး ပရိဝုဏ်အတွင်းရှိစေတီများနှင့် သာသနိက အဆောက်အအုံ များတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြ ချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီး ဧည့်သည်တော် မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ငလျင်ဘေး ဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့် တောင်၊ မြောက် စာသင်ဆောင်များတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ ကျောင်းသား၊ ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာ များတွင် ထိခိုက်ပျက်စီးခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မသုံးထပ် စာသင်ဆောင်ကြီးသည် ပညာရှင်များ၏ စစ်ဆေးတွေ့ ရှိချက်များအရ ထိခိုက်ပျက်စီးမှု များပြားခဲ့ပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်သဖြင့် စနစ်တကျဖြင့် ဖြိုဖျက်သွား ရန်လိုကြောင်း၊ အသစ်ပြန်လည် တည်ဆောက်ရာတွင် အဆောက်အအုံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို ဦးစား ပေး၍ စနစ်တကျ တွက်ချက်တည်ဆောက်သွားရန်လို ကြောင်း၊ အခြားထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံ များကိုလည်း စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်း ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ညောင်ရွှေမြို့နယ် ကေလာကျေးရွာ၌ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစဉ်ပြောကြားသည့် အမှာစကား

## ( ၁၁ - ၄- ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများ ကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ ဧပြီလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် အင်းခြံကေလာကျေးရွာအုပ်စု ကေလာကျေးရွာသို့ စက်လှေများဖြင့်ရောက်ရှိပြီး ကေလာကျေးရွာအုပ်စုအတွင်း လူနေအိမ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို မေးမြန်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ယိုင်နဲ့သွားသည့် နေအိမ်များအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရေး ဒေသမှ ကျွမ်းကျင်လက်သမားအဖွဲ့များ၊ လုပ်သားများဖြင့် ဆောင်ရွက်ပေးသွားရန်နှင့် ပြန်လည်ဆောက်လုပ်ရန်လိုအပ်သည့် နေအိမ်များအား ရှင်းလင်းမှုများကို ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့်တွေ့ဆုံရာ ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကလောခရိုင်အုပ်ချုပ်ရေးမှူးတို့က ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဘုရား၊ စေတီပုထိုးများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများ၊ နေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် သစ်နှင့် သွပ်များ လိုအပ်ချက်ရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နေအိမ်များ ပြန်လည်တည့်မတ်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းများကို မိုးရာသီမရောက်မီ ဆောင်ရွက်ပြီးစီးစေရေး ကျွမ်းကျင်လက်သမားအဖွဲ့များနှင့် ကျွမ်းကျင်လုပ်သားများ ရရှိအောင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံ

များ ဆောက်လုပ်ရာတွင် အုတ်ဖိနပ်များဖြင့် ဆောက်လုပ်နိုင်ရေး မြေသားစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သစ်၊ သွပ်နှင့် ဘိလပ်မြေများ လုံလောက်စွာ ရရှိစေရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လတ်တလော ကာလတွင် တစ်လစာအထိ စားသောက်ဖွယ်ရာများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် တိုက်နယ်ဆေးရုံ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခုကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးသည် မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးများအနက် ဒုတိယအပြင်းထန်ဆုံးနှင့် ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ငလျင်ကြီးဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ ကောက်ယူရရှိသည့် စာရင်းများအရ ထိခိုက် သေဆုံးခဲ့ရသူ ၃၆၇၅ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၂၀ နှင့် ပျောက်ဆုံးနေသူ ၁၄၁ ဦးရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ သေဆုံးမှုများသည် မိမိတို့ နိုင်ငံသမိုင်းတွင် ဆိုးရွားသည့် အဖြစ်အပျက်တစ်ခုဖြစ်ပြီး မိမိအနေဖြင့်လည်း စိတ်မကောင်းဖြစ်ရကြောင်း၊ သေဆုံးခဲ့ရသူများကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများကိုလည်း နေအိမ်အမျိုးအစားနှင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ယခင်မိမိတို့နိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ချ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဖြစ်သော်လည်း ဆောက်လုပ်ခဲ့ခြင်း မရှိမှုများကြောင့် အချို့အဆောက်အအုံများမှာ ပျက်စီးပြီး ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အချိန်တွင် ယခုကဲ့သို့ ပျက်စီးမှုများမရှိစေရေး အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်(ချ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ယခု ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရစဉ် နေပြည်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် ထိခိုက်ပျက်စီးမှု(လုံးဝ)မရှိခဲ့ကြောင်းနှင့် အခြားသာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေးတို့ကို စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီအင်ဂျင်နီယာ နည်းပညာများ အသုံးပြု တည်ဆောက်ခဲ့မှုကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် နောင်လာနောက်သားများ၏ ကာလ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုမရှိစေရေး မိမိတို့အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ဖြင့် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မကြာခင်ကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ရိုးရာအစဉ်အလာများနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့် နိုင်ငံအတွက် ဝမ်းစာဖူလုံရေးနှင့် လူနေမှုဘဝမြင့်မားစေရေးတို့အတွက် အထောက်အကူပြုအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် အခြေခံပညာကျောင်းများအား

ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအားလုံး အမျိုးသားရေး စိတ်ဓာတ်ရှိစေရေး၊ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်စေရေးတို့အတွက် ဆရာ၊ ဆရာမများ၊ မိဘများ၏ အုပ်ထိန်းမှုများအောက်တွင် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ပညာတတ်များ ဖြစ်စေရေးနှင့် ၎င်းတို့ဖြတ်သန်းရမည့် ဘဝခရီးလမ်းကို အေးချမ်းသာယာချောမွေ့စွာဖြင့် ဖြတ်သန်းသွားနိုင်ရေး လမ်းကြောင်းမှန်ပေါ်သို့ဖော်ဆောင်ပေးကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေး ကြမည်ဆိုပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်သင့်ပြည်သူများ အတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ငလျင် ဒဏ်ကြောင့် သာသနိက အဆောက်အအုံများ ထိခိုက် ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများ အပေါ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပင်မစံ ကျောင်းတော်ကြီး ရေရှည်ကြံ့ခိုင်မှု ရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ် သည့် ကျောက်၊ သဲ၊ သံချောင်းများနှင့် ဘိလပ်မြေတို့ကို အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စံကျောင်းတော်ကြီးရှိ အောက်ခြေတိုင်များ ကြံ့ခိုင်မှုရှိ စေရေး မြန်မြန်ဆန်ဆန်ဖြင့် စနစ်တကျ ဆောင်ရွက်သွား ရန်လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် မြေကာနံရံများ၌ မြေပြို ကျခဲ့သည့် နေရာများအား Sheet Pile များဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ရေး လုပ်ငန်းများအား နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီ ပူဇော်ခံပွဲ မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

■ ■ ■

# မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်
# နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား

( ၁၇ - ၄- ၂၀၂၅ )



မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့ ဒီနေ့လို မင်္ဂလာရှိလှတဲ့ မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူအားလုံးအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာ ရှိကြတဲ့ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ဘေးဘယာများကင်းဝေးပြီး စိတ္တသုခ၊ ကာယသုခတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပြီးခဲ့တဲ့နှစ်ဟောင်းကာလမှာ သဘာဝဘေးအန္တရာယ်တွေနဲ့ နှစ်ကြိမ်တိုင်တိုင် ကြုံတွေ့ခံစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ရာဂီမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြို့ရွာတချို့မှာ ရုတ်တရက် ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့သလို မတ်လ ၂၈ ရက်နေ့မှာလည်း ပြင်းအား ၇ ဒသမ ၇ ရစ်(ချ်)တာစကေးရှိ အလွန်ပြင်းထန်တဲ့ မြေငလျင်လှုပ်ခတ်မှုဒဏ်ကို ကြုံတွေ့ခံစားခဲ့ရပါတယ်။ ထိခိုက်ပျက်စီးမှုနဲ့ သေဆုံးဒဏ်ရာရမှု များပြားလှတဲ့အတွက်ကြောင့် ငလျင်ဒဏ်သင့်ဒေသတွေမှာ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အကူအညီများစွာ လိုအပ်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပအကူအညီတွေကို ဖိတ်ခေါ်ခဲ့သလို ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီး အစည်းအဝေးတက်ရောက်စဉ်မှာလည်း အစည်းအဝေး တက်ရောက်လာတဲ့ နိုင်ငံခေါင်းဆောင်များနဲ့တွေ့ဆုံပြီး မြေငလျင်နဲ့ပတ်သက်လို့အကူအညီတောင်းခံခဲ့ပါတယ်။ ငလျင်ဘေးသင့်ဒေသတွေမှာ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းတွေကို

အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးကြတဲ့ ပြည်တွင်း ပြည်ပက ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနဲ့ ငလျင် ဘေးသင့်ပြည်သူတွေအတွက် လိုအပ်တဲ့ ထောက်ပံ့ရေး ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းများနဲ့ အလှူငွေများကို ပေးအပ်လှူဒါန်းပေးကြတဲ့ ပြည်ပနိုင်ငံများနဲ့ ပြည်တွင်းက အလှူရှင်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ငလျင်ဒဏ်ခံ ဒေသတွေရဲ့ ပြန်လည်တည်ဆောက်ရေးနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံး ဆောင်ရွက် ပေးသွားပါမယ်။ မိဘပြည်သူများရဲ့ စုပေါင်းအားနဲ့ ဆောင်ရွက်ရင် ပုံမှန်အခြေအနေကို အမြန်ဆုံး ရောက်ရှိ နိုင်မယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ကျွန်တော်တို့ အစိုးရက ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိနေပါတယ်။ ပြည်သူလူထုလိုလားတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကို အမြန်ဆုံးပြန်လည် အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် လာမယ့်ဒီဇင်ဘာလအတွင်းမှာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပါတီစုံ ဒီမိုကရေစီစနစ်ကို အမှန်တကယ် လိုလားတယ်ဆိုရင် အဓိကဖြစ်တဲ့ ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ပြီးမြောက်နိုင်ဖို့အတွက် မိဘပြည်သူများ အနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ကျွန်တော်တို့အစိုးရက ရည်မှန်းချက်ထား ဆောင်ရွက်လျက် ရှိနေပါတယ်။ ပြည်သူလူထုလိုလားတဲ့ ပါတီစုံဒီမိုကရေစီ စနစ်ကို အမြန်ဆုံး ပြန်လည်အကောင်အထည်ဖော်ပေး နိုင်ဖို့အတွက် လာမယ့် ဒီဇင်ဘာလအတွင်းမှာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။ ပါတီစုံ ဒီမိုကရေစီစနစ်ကို အမှန်တကယ် လိုလားတယ်ဆိုရင်အဓိကဖြစ်တဲ့ရွေးကောက်ပွဲအောင်အောင် မြင်မြင် ပြီးမြောက်နိုင်ဖို့အတွက် မိဘပြည်သူများအနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသား အားလုံးရဲ့ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင် ပေးနိုင်ဖို့ အစဉ်သဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေ ပါတယ်။

ငလျင်ဘေးဒဏ်သင့် ဒေသများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းဖြစ်တဲ့ အစိုးရရုံးဌာနများ ပြန်လည် တည်ဆောက်ရေး၊ ပြည်သူတွေရဲ့ အိုးအိမ်နဲ့ လမ်းပန်း ဆက်သွယ်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေး တို့ကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်သွားပါမယ်။ နိုင်ငံရဲ့ စီးပွားရေးကို မြှင့်တင်နိုင်ဖို့အတွက် အဓိကကျတဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းတွေကို အားစိုက်ခွန်စိုက် တိုးမြှင့်လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ အလားတူပဲ MSMEလုပ်ငန်း လုပ်ကိုင်နေသူအားလုံးဟာလည်း ရှိတဲ့အနေအထားအတွင်းမှာ ဖြစ်နိုင်သမျှ ကြိုးစားပြီး ကုန်ထုတ်လုပ်မှုများ ပြုလုပ်ကြစေလိုပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရေးကလည်း အရေးကြီးလှပါတယ်။ ဒါကြောင့် လာမယ့်ပညာသင်နှစ်မှာ ကျောင်းနေအရွယ်ကလေးအားလုံး မပျက်မကွက် ပညာ သင်ကြားနိုင်ရေးကို အလေးထားပြီးတော့ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တည်ငြိမ်အေးချမ်းမှု

လိုအပ်ပါတယ်။ ဒါကြောင့်လည်း ရေရှည်တည်တံ့ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဖော်ဆောင်နေပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို အဆုံးသတ်နိုင်ဖို့ ကျွန်တော်တို့အစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းကြဖို့ ဖိတ်ခေါ်ကမ်းလှမ်းထားပြီးလည်းဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများဖြစ်ကြတဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်ကို ရင်ဝယ်ပိုက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

နှစ်ဟောင်းမှာ ကျွန်တော်တို့ကြုံတွေ့ခဲ့တဲ့ဘေးဒုက္ခတွေ၊ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကနေ အားနည်းချက်တွေကို သင်ခန်းစာယူ ဖော်ထုတ်ပြီး နှစ်သစ်မှာ အတွေးသစ်၊ အမြင်သစ်နဲ့ နိုင်ငံတော်က ဆက်လက်လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီဖော်ဆောင်မှုမှာ နိုင်ငံသူ နိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့လို့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ ။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၁၈ - ၄- ၂၀၂၅ )





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြည်ထောင်စု အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၁၈ ရက်နေ့ နေ့လယ်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိ သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ် ခဲ့သည့် ဝန်ကြီးဌာန ရုံးအဆောက်အအုံများကို ဧပြီလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း၊ ရုံးများပြန်လည်ဖွင့်လှစ်ချိန်၌ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့် ပြည်သူများ၏ အဆောက်အအုံများနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာ အဆောက်အအုံများအလိုက် ထောက်ပံ့ကြေးများ ပေးအပ် နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**အခြေခံပညာကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြင်ဆင် ပေးရန်လိုအပ်**

စာသင်ကျောင်းများနှင့်ပတ်သက်၍ အခြေခံပညာ ကျောင်းများအား အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက် ပေးသွားရန်လိုကြောင်း၊ ကလေးငယ်များ ကျောင်းဖွင့်ချိန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ် ကြောင်း၊ ပြင်ဆင်ရန်လိုအပ်သည့်စာသင်ကျောင်းများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆောက်အအုံများ ကောင်းမွန်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆေးရုံများနှင့် ပတ်သက်၍လည်း အချို့ဆေးရုံများကို စနစ်တကျဖြင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း။

**ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေး စနစ်တကျ ပြန်လည်တည်ဆောက်**

အစိုးရရုံးဌာနများနှင့်ပတ်သက်၍ နေပြည်တော် ကောင်စီနယ်မြေရှိ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် အဆောက် အအုံများအနက် ဖို့မြေပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အအုံများမှာ ပိုမိုထိခိုက်ပျက်စီးသည်ကို တွေ့ရ

ကြောင်း၊ ထို့ကြောင့် ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် မြေစမ်းသပ်မှု(Soil Test)များ ဆောင်ရွက်ပြီးမှသာ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တွက်ချက်၍ရသည့် ငလျင်ကြောပေါ်တွင် တည်ရှိနေသည့် အဆောက်အအုံများကိုပြောင်းရွှေ့နေရာချထားရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်၏မြို့အကွက်ချမှုပုံစံကိုလည်း ပြန်လည်တွက်ချက်ရေးဆွဲသွားရန် စီစဉ်နေကြောင်း၊ ငလျင်မကြာခဏ လှုပ်ခတ်လျက်ရှိသည့် နိုင်ငံများမှ အဆောက်အအုံများ တည်ဆောက်ထားရှိမှုများကို နမူနာယူ၍ တည်ဆောက်မှုများ ဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောနေရာများကို စနစ်တကျ သုတေသနပြုလုပ်သွားရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်မည့် အဆောက်အအုံများသည် ငလျင်ဒဏ်ကို ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန် လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ

> **မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောနေရာများကို စနစ်တကျ သုတေသနပြုလုပ်သွားရန်လို၊ ပြန်လည်တည်ဆောက်မည့် အဆောက်အအုံများသည် ငလျင်ဒဏ်ကို ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန်နှင့် အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ် ခံနိုင်အောင် ဆောင်ရွက်သွားရန်လို။**

သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ် ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုံးဌာန အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ဦးစားပေး အနေဖြင့် ပြုပြင်ဆောင်ရွက်သွားရန်လိုပြီး အင်ဂျင်နီယာများက စမ်းသပ်ပြီးမှသာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရစ်(ချ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းမိသားစုများ ယာယီနေထိုင်လျက်ရှိသည့် နေရာများတွင်လည်း လုံခြုံမှုရှိစေရေးနှင့် နေထိုင်မှုများ အဆင်ပြေစေရေး အဘက်ဘက်မှ ကြည့်၍ စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယာယီနေထိုင်ရန်နေရာများ တည်ဆောက်ရာတွင် နှစ်ခန်းတွဲများသာ တည်ဆောက်ပေးသွားရန်လိုပြီး ရေ၊ မီးများ လုံလောက်စွာ ရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**ရထားလမ်းနှင့်မော်တော်ကားလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်**

ရထားလမ်း၊ မော်တော်ကားလမ်းများနှင့်ပတ်သက်၍ ရထားလမ်းများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်ပြုပြင်နိုင်ရေး အသေးစိတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားများကိုလည်း ဆက်လက်စစ်ဆေးသွားရန်လိုပြီး တံတားအတက်အဆင်းများ ချောမွေ့ပြေပြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းများအလိုက် သတ်မှတ်ထားသည့် မိုင်နှုန်းများအတိုင်း ချောမွေ့စွာ မောင်းနှင်နိုင်သည့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်း ဖြစ်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဆည်မြောင်းတာတမံများနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ ရေမြောင်းများ ပျက်စီးမှု ရှိ/မရှိကိုလည်း စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း။

ငလျင်လှုပ်ခတ်မှုကြောင့် အချို့နေရာဒေသအချို့တွင် ရေခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ အချို့နေရာများတွင်

ရေများထွက်ရှိမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ နွေရာသီကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေများလုံလောက်စွာ ရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် လုပ်ငန်းများ မြန်မြန်ဆန်ဆန်ပြီးပြတ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့် ဆောင်ရွက်မည်ဆိုပါက အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အထိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအနေဖြင့် ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများမှ လာရောက်၍ ဖွင့်လှစ်ပေးထားသည့် ယာယီဆေးရုံများ၌လည်း ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူလာသည့် ပြည်သူများကို နိုင်ငံတော်မှ ကုသမှုများဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ယခုအချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမှလည်း ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဧပြီလ ၁၇ ရက်၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဆီယံအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့ကြောင်း။

ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ရေရှည်ကိုမျှော်တွေးပြီး ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ဒီဇိုင်းများအတိုင်း ဆောင်ရွက်ခြင်း မရှိခဲ့မှုများအပေါ် ပြန်လည်စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# စစ်ကိုင်းမြို့နှင့် မန္တလေးမြို့ရှိ ခရိုင်အဆင့်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၁၉ - ၄ - ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စစ်ကိုင်းမြို့ရှိ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများကို စစ်ကိုင်းမြို့ရှိအသင်္ချာ ဧည့်ရိပ်သာအစည်းအဝေးခန်းမတွင်လည်းကောင်း၊ မန္တလေးမြို့ရှိခရိုင်အဆင့်တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ငလျင်ဘေးဒဏ်ထိခိုက်မှုများကြောင့် ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းမြို့နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများပြားခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမှတစ်ဆင့် မိမိတို့အတွက် သင်ခန်းစာများလည်း ရရှိခဲ့ကြောင်း၊ အဆိုပါ သင်ခန်းစာများကို ဖော်ထုတ်၍ နောင်အချိန်တွင် ယခုကဲ့သို့ ထပ်မံကြုံတွေ့ရမည်ဆိုပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ နည်းပါးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးမှာ ရှောင်လွှဲ၍ မရသော်လည်း ကာကွယ်ခြင်းနှင့်ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့နိုင်ငံ၌ သဘာဝဘေးဒဏ်များ ကျရောက်ခဲ့ချိန်များတွင် မိမိတို့အနေဖြင့် အခက်အခဲများကြားမှ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မိုခါမုန်တိုင်းဝင်ရောက်ခဲ့ချိန်နှင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ချိန်၌လည်း သဘာဝဘေးဒဏ်ကို ခံစားခဲ့ရပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ပိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း။

**Video Message ရိုက်ကူး၍ နိုင်ငံတော်နှင့် နိုင်ငံတကာသို့ အသိပေး**

မိမိအနေဖြင့် ငလျင်လှုပ်ခတ်ပြီးချိန်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ချက်ချင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်စေ

ခဲ့ကြောင်း၊ အခြေအနေအား သုံးသပ်၍ ငလျင်ဒဏ်သင့် ဒေသများအား အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း၊ ချက်ချင်း Video Message ရိုက်ကူး၍ နိုင်ငံတော်နှင့် နိုင်ငံတကာသို့ အသိပေးခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း အကူအညီများ အချိန်ပိုင်းအတွင်း အမြန်ဆုံးပေးပို့ခဲ့သဖြင့် အချို့ပိတ်မိနေသူများကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း၊အားလုံးဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခြေအနေသို့ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း။

**တံတားသံပေါင်အချို့ ဖယ်ရှားနိုင်ရေး ဆောင်ရွက်လျက်ရှိ**

ယခု လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးသည် မိမိတို့နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ၁၉၈၈ ပြည့်နှစ် နောက်ပိုင်း ငလျင်များအနက် ဒုတိယအပြင်းဆုံး လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးပင်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်း၊ လူနေအဆောက်အအုံများနှင့် လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ စစ်ကိုင်းမြို့ (အင်းဝ)တံတားအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် အဆိုပါတံတားမှ ပြိုပျက်ခဲ့သည့် သံပေါင်အချို့အား မိုးရာသီမတိုင်မီ ဖယ်ရှားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားကိုလည်းပြန်လည်တည်ဆောက်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ဘိလပ်မြေ၊ သံနှင့် သွပ်များ သင့်လျော်သည့် ဈေးနှုန်းများဖြင့် ရောင်းချပေးမည်**

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ပျက်စီးသွားသည့် အဆောက်အအုံများ ရှင်းလင်းရေးနှင့် ပြန်လည်ဆယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံနှင့် သွပ်များကိုလည်း နိုင်ငံတော်မှ သင့်လျော်သည့် ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လူနေအိမ်များအတွက်လည်း အမျိုးအစားများအလိုက် သင့်လျော်သည့် နှုန်းထားများဖြင့် ငွေကြေးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နေရာချထားမှု Town Plan များ စနစ်တကျ ပြန်လည်ရေးဆွဲပြီး မြို့၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း ကောင်းစေချင်သည့်စိတ်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မြို့တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီသည့် လမ်းများ၊ မြို့ကွက်များဖြစ်ရန်လိုကြောင်း။

**ရစ်(ချ်)တာစကေး ၈ အဆင့်ထိခံနိုင်သည့်အဆောက်အအုံများ တည်ဆောက်ရန်လို**

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်မိမိတို့နိုင်ငံ၌ အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ချ်)တာ စကေး ၈ အဆင့်ထိခံနိုင်သည့် အဆောက်အအုံ၊ လမ်းတံတားများဖြစ်အောင် တည်ဆောက်သွားကြရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ်

> **ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင် မိမိတို့နိုင်ငံ၌ အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ချ်)တာ စကေး ၈ အဆင့်ထိ ခံနိုင်သည့် အဆောက်အအုံ၊ လမ်းတံတားများဖြစ်အောင် တည်ဆောက်သွားကြရန်လို၊ အဆောက်အအုံများ တည်ဆောက်ရာတွင် မိမိတို့လက်ထက်တွင် စနစ်တကျ တည်ဆောက်မှုများသည် မိမိတို့၏ နောင်လာနောက်သား မျိုးဆက်များ အတွက်ပင် ဖြစ်သဖြင့် ရေရှည်ကိုကြည့်၍ ဆောင်ရွက်သွားကြရန်လို၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည် တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ။**

ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ လက်ထက်တွင် စနစ်တကျ တည်ဆောက်မှုများသည် မိမိတို့၏ နောင်လာနောက်သား မျိုးဆက်များအတွက်ပင် ဖြစ်သဖြင့် ရေရှည်ကိုကြည့်၍ ဆောင်ရွက်သွားကြရန်လို ကြောင်း၊ သဘာဝဘေးအန္တရာယ်မှာ ရှောင်လွှဲ၍မရကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးသွားသည့်အဟောင်း များနေရာတွင် အသစ်များဖြင့် အစားထိုးတည်ဆောက်နိုင်ရုံ သာမက ယခင်ထက်ပိုမိုသာလွန်ကောင်းမွန်စွာ တည်ဆောက် သွားမည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

ငလျင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့ မိမိတို့ဒေသအလိုက်ရှိ စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များနှင့် MSME ထုတ်ကုန်များကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြ စေလိုကြောင်း၊ ဒေသတွင်းထုတ်ကုန်များ တိုးတက်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြု စေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ ပြည်သူ လူထုကို နားလည်သိရှိအောင် တိုက်တွန်းပြောကြား၍ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းအောင် ဆောင်ရွက် ပေးကြစေလိုကြောင်း။

ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမို တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Green City ၊ Clean City ၊ Smart City ဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ပညာတတ်များ ပေါ်ကြွယ်ဝလာမှသာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက် လာမည့် ပညာ သင်နှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အသက်အရွယ်ကြီးရင့်ပြီး အတန်းပညာ မတက်ရောက် ခဲ့ရသူများအတွက်လည်း စာကြည့်တိုက်များ၊ ပညာပေး အစီအစဉ်များနှင့် ကျောင်းပြင်ပ ပညာရေးကို ဆောင်ရွက် ပေးသွားကြစေလိုကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက် ခဲ့ရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည် တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက် လျက်ရှိကြောင်း။

**ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်**

ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းမြို့ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ ကြီးအား ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့် မြှင့်တင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စစ်ကိုင်းမြို့ နှစ်(၇၀၀) အားကစားကွင်းကြီးကိုလည်း ပွဲကြည့်စင်ပါဝင်သည့် အဆင့်မီအားကစားကွင်းကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဒေသအတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသကဲ့သို့ ဒေသတွင်း နေထိုင်သူများအနေ ဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်ပေး သွားကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဆိုပါရပ်ရွာတွင် နေထိုင်ကြသူများတွင် တာဝန် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် တိုးတက်စေရေး အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား လိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြင်ဦးလွင်မြို့နယ် ရေဖူလုံမှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၂၀ - ၄- ၂၀၂၅ )





မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ရေဖူလုံမှုရှိစေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ရှိအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။ အစည်းအဝေးသို့ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာ ရရှိရေးအတွက် မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးနိုင်ရန်အတွက်အစည်းအဝေးပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှု ပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကို တွေ့ရှိရကြောင်း၊ ဒေသတွင်းနေထိုင်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ လိုအပ်မည်ဖြစ်ပြီး ရေအရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိရေးသည် ရေရှည်စီမံကိန်းချမှတ်၍ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၏ လက်ရှိလူဦးရေနှင့် နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏကိုပါ ကြိုတင်မျှော်မှန်း၍ စီမံဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဦးလွင်မြို့နယ်အတွင်း နေထိုင်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးအတွက် တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရန်လိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြင်ဦးလွင်မြို့နယ်အတွင်း အနာဂတ်ကာလ ရေအရင်းအမြစ် လိုအပ်ချက်အတွက် ရေရှိနိုင်မှု၊ ရေလှောင်တမံများအလိုက် ရေသိုလှောင်နိုင်မှု ပမာဏများနှင့် သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးက ပြင်ဦးလွင်မြို့ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လက်ရှိရေပေးဝေနိုင်မှု၊ ရေအရင်းအမြစ်များနှင့် ရေသိုလှောင်နိုင်မှု၊ ပြင်ဦး

လွင်မြို့၊ မြို့နေပြည်သူလူထုများ သောက်သုံးရေ အပြည့်အဝ ပေးဝေနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ရှိ ရေရရှိနေသည့် ရေလှောင်တမံများ၏ နှစ်စဉ် ရေရရှိနိုင်မှုနှင့် သိုလှောင်နိုင်မှု ပမာဏတို့ကို ဆန်းစစ်သုတေသန ပြုလုပ်ရန်လိုကြောင်း၊ ရေအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ရေလှောင်တမံများအနီးရှိ ရေဝေရေလဲတောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဆည်တာတမံများအတွင်း ရာသီမရွေး ရေရှိနိုင်ရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာရရှိစေရေး တာဝန်ရှိသူများအနေဖြင့် စီမံဆောင်ရွက်သွားရန်လိုပြီး ဆည်များအတွင်းမှ ကျဆင်းသွားသည့် ရေများကိုလည်း အလေအလွင့်အနည်းဆုံးဖြစ်စေရေး တာ၊ တမံများကို သုတေသနပြု တည်ဆောက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့နယ် ရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် သုတေသနပြု ဆန်းစစ်ခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

■ ■ ■

# ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၄ - ၄- ၂၀၂၅ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ဧပြီလ ၂၄ ရက်နေ့ နေ့လယ်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောက်အအုံနှင့် အဆောက်အအုံအတွင်းရှိ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူ စာစုများ ထားရှိသည့်အခန်း၊ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ ဝန်ဇင်းမင်းရာဇာခန်းမ၊ စာအုပ်စင်ခန်းများ၊ ပေ၊ ပုရပိုက်ဌာနစိတ်နှင့် စာကြည့်တိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုများ၊ စာအုပ်များကို အမျိုးအစားအလိုက် ထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွင်းရှိ စာအုပ်များအား စာပေအမျိုးအစားအလိုက် ခွဲခြား၍ စနစ်တကျ ပြန်လည်သိမ်းဆည်းခြင်း၊ မှတ်တမ်းတင်ခြင်းများဖြင့် ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသည် ပညာလိုလားသူများအတွက် လွတ်လပ်စွာဖြင့် ပညာရှာမှီးနိုင်သည့် တက္ကသိုလ်တစ်မျိုးဖြစ်ပြီး အဖိုးတန်နေရာတစ်ခုဖြစ်ကြောင်း၊ စာကြည့်တိုက်အတွင်း နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု သမိုင်းဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထားသည့် စာကောင်းပေမွန်များကို ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းစဉ်ကို နောင်လာနောက်သားတို့ အမှန်အတိုင်း သိရှိနိုင်ရန်

လိုသည့်အတွက် မိမိတို့ တာဝန်ရှိသူများအနေဖြင့် အစဉ်အဆက် လက်ဆင့်ကမ်း၍ ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာကြည့်တိုက် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဥပ္ပါတသန္တိစေတီတော်ကြီးရှိ ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ရင်ပြင်တော် အချို့နေရာများတွင် ကွဲအက်ခြင်း၊ နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့မှု၊ သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရင်ပြင်တော်နေရာများ၊ မြေထိန်းနံရံနေရာများနှင့်သာသနိက အဆောက်အအုံအချို့အား ပြန်လည်ပြုပြင်ခြင်းများကို စနစ်တကျဖြင့် အမြန်ဆုံး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ရနိုင်သမျှ ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် စေတီတော်ကြီးရှိသာသနိကအဆောက်အအုံများပြန်လည်ပြုပြင်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်ရာတွင် စေတနာရှင်အလှူရှင်များအနေဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ရေးအတွက်လည်း နှိုးဆော်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# (၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား

( ၂၆ - ၄- ၂၀၂၅ )





(၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု တပ်ဖွဲ့နေ့ အခမ်းအနားကို ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု တပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့မှ အငြိမ်းစားတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် ကာကွယ်ရေး ပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေး ပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

## စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့

ထို့နောက် ခန်းမအတွင်း၌ (၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ် အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြား ရာတွင် မြန်မာနိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ ထုတ်လုပ် မှုနှင့်ပတ်သက်သည့် အတိတ်သမိုင်းကို ပြန်သုံးသပ်ကြည့် မည်ဆိုပါက ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်သည့် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် နယ်ချဲ့အင်္ဂလိပ် တို့၏လက်နက်အားကိုးဖြင့် ကျူးကျော်လာမည့်အခြေအနေ ကို ရင်ဆိုင်ရန်အတွက် အိမ်ရှေ့စံ ကနောင်မင်းသားကြီးက

စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများ စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း။

**သတ်မှတ်ခဲ့**

ထို့ကြောင့် ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ မဲနယ်စက်ရုံများနှင့် သံဖိုရုံများအပြင် လက်နက်ငယ်များ၊ အမြောက်ကြီးငယ်များနှင့် ဗုံးဆန်၊ အမြောက်ဆန်များ သွန်းလုပ်နိုင်သည့် စက်ရုံများ တည်ထောင်နိုင်ခဲ့ပြီး ရေမြှုပ်ဗုံးစမ်းသပ်ဖောက်ခွဲမှုများကိုပင် ဆောင်ရွက်နိုင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရကြောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပြည်တွင်းရောင်စုံသူပုန်များ၏ သောင်းကျန်းပုန်ကန်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရရှိပြီးစ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မြန်မာ့တပ်မတော်သည် ပြည်သူလူထုနှင့်လက်တွဲပြီး ခက်ခက်ခဲခဲ ကာကွယ်စောင့်ရှောက်ခဲ့ရသည့် သမိုင်းကြောင်းသည် အထင်အရှားရှိခဲ့ကြောင်း၊ အဆိုပါကာလတွင် တပ်မတော်ခေါင်းဆောင်များအနေဖြင့် ကိုယ့်ပြည်တွင်းမှာပင် လက်နက်/ခဲယမ်းများ ထုတ်လုပ်နိုင်ရန် ကြံစည်ကြိုးပမ်းခဲ့ကြကြောင်း၊ ၁၉၅၀ ပြည့်နှစ် ဧပြီလ ၂၆ ရက်တွင် ဖွဲ့စည်းပုံနှင့် စနစ်တကျ ဖွဲ့စည်းပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ယနေ့သည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့တည်ထောင်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ပင်ဖြစ်ကြောင်း။

ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့အနေဖြင့် "Power To The Forces" "တပ်မတော်အတွက် စွမ်းအားဖြစ်စေရမည်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စစ်လက်နက်ပစ္စည်းအမျိုးမျိုးအား စွမ်းရည်ပြည့်ဝစွာ တပ်မတော်သို့ ထုတ်လုပ်ပေးသွင်းနိုင်ခဲ့သည့်အတွက် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့အကြီးအကဲများ၊ တပ်ဖွဲ့ဝင်အရာရှိ စစ်သည်များနှင့် ဝန်ထမ်းများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း၊ စစ်လက်နက်နှင့် စစ်အသုံးဆောင်ပစ္စည်းဆိုသည်မှာ စစ်မြေပြင်တွင် မှတ်ကျောက်တင်ခံရမည်ဖြစ်သည့်အတွက် အရည်အသွေး ပိုကောင်းသည်ထက်ကောင်းအောင် စွမ်းဆောင်နိုင်ရည်မြင့်မားသည်ထက် မြင့်မားအောင် နယ်ပယ်စုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ပါဝင်ဆောင်ရွက်**

ထို့အပြင် ထူးခြားထင်ရှားသည့် စွမ်းဆောင်ချက်တစ်ရပ်အနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ထုဆစ်ပူဇော်ပြီးမြောက်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင်လည်း ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့မှ အရာရှိ စစ်သည်များအနေဖြင့် အဓိကအခန်းကဏ္ဍမှနေ၍ ထူးခြားစွာ ပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာ ပညာရပ်အလိုက် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်လျက်ရှိရာတွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများထဲမှ နိုင်ငံတော်အဆင့်၊ တပ်မတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ လက်မှတ်ရရှိသူ စုစုပေါင်း ၅၁၃ ဦး ထိုက်တန်စွာ ရရှိခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**စဉ်ဆက်မပြတ်ပါဝင်**

ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းတစ်လျှောက်တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် စဉ်ဆက်မပြတ်ပါဝင်ခဲ့ပြီး ဖြတ်သန်းလာခဲ့သည့် (၇၅)နှစ်တာ ကာလအတွင်း ကောင်းမွန်သော အစဉ်အလာများ၊ ဂုဏ်ဒြပ်များကို လက်ဆင့်ကမ်း တာဝန်ယူ ဆက်လက်ထိန်းသိမ်းကြရန်နှင့် တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ ကျရာတာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် ပြောကြားသည့်မိန့်ခွန်း

## ( ၃၀ - ၄- ၂၀၂၅ )





မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ (၂၀၂၅)ကို ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ ညီလာခံအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား)နှင့် အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော် များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန် ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြ သည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထူးညီလာခံ(၂၀၂၅)ကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက် ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဆိုသည်မှာ တပ်မတော်၏ ကာကွယ်ရေး အရန်အင်အားစုကြီးဖြစ်သည် နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့ အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်

ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း “Once a Soldier, always a Soldier” “တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်း စစ်သားပင်”ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**စတင်ချမှတ်နိုင်ခဲ့**

နိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးတွေသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်း အပြန်အလှန် အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများ ဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါအဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျ ပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများ ဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ(၁၉၈၉)နှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့် အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၃၆/၂၀၁၆)ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

**ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ ၁၂ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၀၈ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာ ကိစ္စရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် ရည်ရွယ်ချက် (၄)ရပ်၊ ရေ့လုပ်ငန်းစဉ် (၇) ရပ်တို့ကို ချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသ လုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သည် ပြည်သူကပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်း ရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်း ထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့် အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတား သဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေး(၃)ပါးကို ထိပါးစေမည့် အပြောအဆို အပြုအမူ များကို သတိပြုကြရန်နှင့် မိမိ၏ အပြုအမူအပြောအဆို သည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေ သည်ကို နှလုံးသွင်းထားကြရန်လိုအပ်ကြောင်း။

တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့် သဘောထားများကို ပြည်သူများသိရှိရန် အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာ အားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထား သည့် “ပြည်သူ့စစ်မဟာဗျူဟာ”ကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက် ကြိုးပမ်း ပံ့ပိုးပေးသွားကြရမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင်စီမံဆောင်ရွက် လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည် ထူထောင်ရေးကာလ မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက် မှုများ၊ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့် ရာဂီ

မုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးဘေးအန္တရာယ်များသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့် စည်းစည်းလုံးလုံး ကျော်ဖြတ်ကြမည်ဆိုပါက အခက်အခဲအကျပ်အတည်းများကြားမှ အမြန်ဆုံးရုန်းထွက်နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးခြင်းကြောင့် အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထု စိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်မည်ဆိုပါက လူမှုစီးပွားဘဝများသည် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့်လည်း ထမ်းဆောင်နေရသည့် ကိုယ်စီတာဝန်များအပြင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စဉ်ဆက်မပြတ် မျက်စိကိုဖွင့် နားကိုစွင့်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သားဟောင်းများဖြစ်သည့်အတွက် တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ် (၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး (၅) ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ သန္နိဋ္ဌာန်ပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-31-4

9 789998 656314